# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၅) ရက် ၊ ကြာသပတေးနေ့ ၊ (25-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ⟹**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လူရည်ချွန်ဆုရရှိသူ မောင်ရဲရင့်ထွန်းကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။**




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်
Exhibition Venue Award ရရှိခဲ့သော
မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ဖုန်း - ၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉-၆၆၇၈၉၉၉၉၁၊ ၀၉-၆၆၇၈၉၉၉၉၂

ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ၏ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရေး

ကမ္ဘာ့နိုင်ငံများရှိ နိုင်ငံသားတိုင်း မိမိနေထိုင်ရာနိုင်ငံကိုချစ်မြတ်နိုးပြီး နိုင်ငံတကာနှင့်ယှဉ်လျှင် မိမိနိုင်ငံကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေချင်သည့်စိတ်ဓာတ်ရှိကြသည်။ ထိုသို့ စိတ်ဓာတ်မျိုးရှိရုံဖြင့် မိမိတို့လိုလားတောင့်တသောနိုင်ငံဖြစ်လာမည်မဟုတ်ပေ။ နိုင်ငံသားတိုင်း လိုလားတောင့်တသော ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်စေရန် အနှောင့်အယှက်အဖျက်အဆီးများကိုကာကွယ်ရန်၊ နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန် နိုင်ငံသားအားလုံး တညီတညွတ်တည်း ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိတွင်ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ၊ ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်းအကြမ်းဖက်များ၏ နှောင့်ယှက်မှုများနှင့်လုံခြုံရေးဆိုင်ရာအခြေအနေများကြောင့် နိုင်ငံတော်ကြီး ထိခိုက်ပြိုကွဲမှုမဖြစ်စေရေး၊ ဖွံ့ဖြိုးတိုးတက်မှုများ မနှောင့်နှေးစေရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားများ ထိခိုက်ဆုံးရှုံးမှုများမရှိစေရေးအတွက် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန်မှာ ပဓာနကျလာခဲ့သည်။ အင်အားတောင့်တင်းခိုင်မာသည့် ကာကွယ်ရေးအင်အားဖြင့်သာ နိုင်ငံတော်နှင့် နိုင်ငံသားများကို ဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန် အရွယ်ရောက်သူနိုင်ငံသားတိုင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ရန် လိုအပ်ပေသည်။

ထို့ပြင် နိုင်ငံသားတိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပေသည်။ အဆိုပါတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စတင်အာဏာသက်ဝင်စေခဲ့သည်။

နိုင်ငံတော်က လိုအပ်ချိန်တွင် လူငယ်လူရွယ်များ၏ ပေးဆပ်ရဲမှု၊ စွန့်လွှတ်စွန့်စားလိုမှုသည် မိမိတို့ မြန်မာလူမျိုးများ၏အသွေးအသားထဲတွင် အမြဲရှိနေကာ အရေးကြီးလျှင် သွေးနီးတတ်သည်မှာ မြန်မာတို့၏ ဝိသေသတစ်ခုပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းရွက်မည့်သူများကို ဥပဒေနှင့်အညီ ဆင့်ခေါ်မှုပြုခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လူငယ်များသည် မိမိတို့သဘောဆန္ဒအလျောက် စာရင်းပေးသွင်းကြပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်လျက်ရှိသည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ သင်တန်းအမှတ်စဉ်(၁)၊ သင်တန်းအမှတ်စဉ်(၂)၊ သင်တန်းအမှတ်စဉ်(၃)ထိ ဖွင့်လှစ်နိုင်ခဲ့သည်သာမက သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ဇွန် ၂၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ၏ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန်၊ အနှောင့်အယှက်အဖျက်အဆီးများကိုကာကွယ်ရန် နိုင်ငံ့သားကောင်းလူငယ်လူရွယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တက်ကြွပျော်ရွှင်စွာတက်ရောက်နေမှုများအပေါ် ဂုဏ်ယူအားပေးပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ ၈၄ လမ်း ညဈေးတန်းဧရိယာအတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ဆောင်ရွက်မည်



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးမြို့ ၈၄ လမ်း ညဈေးတန်းဧရိယာအတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ဇူလိုင်လ စတုတ္ထပတ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ယခင်ကတည်းက ညပိုင်းအချိန်များ၌သာဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးမှာ ဈေးချိုတော်အနီး ၈၄ လမ်း၊ ၂၆ လမ်းမှ ၂၉ လမ်းတစ်လျှောက် ရောင်းချနေသော ညဈေးတန်းဖြစ်ကြောင်း၊ ညဈေးတန်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကာလကတည်းက ဖွင့်လှစ်ရောင်းချခဲ့ပြီး မြို့နေလူထုအတွက်အရေးပါလှသော ညဈေးတန်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါ ညဈေးတန်းဧရိယာအတွင်း ညပိုင်းအချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများမရှိစေရေးအတွက် ဇူလိုင်လ စတုတ္ထပတ်တွင် ပူးပေါင်းအဖွဲ့ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ညဈေးတန်းမှာက အစားအသောက်ရောင်းတဲ့ ဆိုင်တွေ၊ အဝတ်အထည်ရောင်းတဲ့ဆိုင်တွေ၊ အလှကုန်၊ လူသုံးကုန်နဲ့ စာအုပ်ရောင်းတဲ့ဆိုင်တွေ အများဆုံးဖွင့်လှစ်ရောင်းချပါတယ်။ ဒီညဈေးတန်းဧရိယာအတွင်းမှာ အချို့ဆိုင်တွေက သတ်မှတ်ထားတဲ့ဧရိယာအတွင်းမှာ စနစ်တကျမရောင်းချတာတွေရှိတယ်။ ဒီလိုဆိုင်တွေကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ညဈေးတန်းဧရိယာထဲမှာ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ဖို့နဲ့ ဈေးဆိုင်တွေ စနစ်တကျရောင်းချဖို့အတွက် ဒီလ စတုတ္ထပတ်မှာ စတင်ဆောင်ရွက်မှာပါ"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြသည်။

မန္တလေးမြို့တွင် ညနေ ၆ နာရီမှ ည ၉ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေသည့် ၈၄ လမ်း၊ ၂၆ လမ်းမှ ၂၉ လမ်းထိ ညဈေးတန်းမှာ ယခုလက်ရှိအချိန်ထိ မြို့နေပြည်သူလူထုအတွက် အရေးပါလျက်ရှိကြောင်း၊ ညဈေးတန်းတစ်လျှောက်တွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ ဈေးသည်များစနစ်တကျရောင်းချစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနနှင့် အခြားပူးပေါင်းအဖွဲ့များက ဇူလိုင်လ စတုတ္ထပတ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၄)

# ပုသိမ်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲဖြူများ ဝယ်ယူမှုအားကောင်းလာသောကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် လက်ရှိ ဇူလိုင်လ ဒုတိယပတ်မှစတင်၍ ထောပတ်ပဲဖြူများ ဝယ်ယူမှုအားကောင်းနေသဖြင့် အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ထောပတ်ပဲဖြူများကို ဝယ်ယူမှုအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲဖြူကိုဝယ်ယူမှု ပိုမိုအားကောင်းနေပါတယ်။ ဇူလိုင်လ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ထောပတ်ပဲဖြူတွေအဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ထောပတ်ပဲနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ အရောင်းအဝယ် ကောင်းမွန်လာတော့ ထောပတ်ပဲဖြူကိုစိုက်ပျိုးတဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု ပုသိမ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ၂၄ ပြည်ဝင် ထောပတ်ပဲဖြူ တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါထောပတ်ပဲဖြူများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၁၂၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း မြေပဲ ကေ ၁၂၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၀၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲကို မိုးရာသီမှာထက် ဆောင်းရာသီမှာ ပိုမိုစိုက်ပျိုးကြပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော်ကုန်ကျကြောင်း၊ မြေပဲ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၃၉၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၃၉၉၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် မိုးနှမ်း ၁၆၀၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၄၄၉ ဧကနှင့်ဝက်လက်မြို့နယ်တွင် ဧက ၁၃၅၅၀ စုစုပေါင်း ၁၃၉၉၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ မိုးနှမ်းဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးနှမ်းဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်” ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး စသည့် စိုက်နည်းစနစ်ဆိုင်ရာ အသိပညာများပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၂ လမ်းနှင့် ၁၁၉ လမ်းထောင့်နေ ဒေါ်တင်အောင်(ကောင်းစံစက်သုံးဆီရောင်းဝယ်ရေး)မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဝါးခယ်မ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်း ပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးကြင်းပိဿာချိန် ၇၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးကြင်းပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“လက်ရှိ ငါးကြင်းဈေးကလဲ ကောင်းနေပါတယ်။ ရောင်းလို့ဝယ်လို့အဆင်ပြေပါတယ်။ ဒီဘက်ပွဲရုံတွေကို ငါးကြင်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က ဒေသငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ဇွန်လပထမပတ်လောက် ကတည်းက စတင်ဝယ်ယူမှု ကောင်းခဲ့တာ။ အခြား ငါးတွေလဲ ဝယ်ယူမှု အားကောင်းလာတယ်လို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ငါးတွေဝယ်ယူမှုအားကောင်းလာပေမဲ့ ဈေးကတော့ မတက်သေးပါဘူး” ဟု ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ရေထွက်ကုန်များကို ဝယ်ယူပြီးဒေသဈေးအပြင် ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဆုံကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုကကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားလာစေရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ချောင်းဆုံကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၈ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# လှိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်လင် ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်လုံအရှေ့ကျေးရွာအုပ်စု ဆင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆင်တောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ရိုသန်းညွန့်**



# တောင်ဖီလာဆရာတော်နှင့်ဝေဿန္တရာပျို့ (၂)

ပိုလ်ရှိတ်(ရတနာပူရ)

**တပည့်ကျော်သုံးပါး**

ရှင်အဘိသင်္ကေတသာရထံ၌ ပညာသင်ကြားနေသော စာသင်သားများစွာရှိသည်။ ရှင်အဘိသင်္ကေတသာရထံ ပညာသင်၍ ကျမ်းဂန်စာပေများစွာ တတ်မြောက်သော ရဟန်းသာမဏေများပြားလှသည်။ ထိုကဲ့သို့ ကျမ်းဂန်တတ်မြောက်သော တပည့်များတွင် အထူးထင်ရှားကျော်စောသော တပည့်သုံးပါးရှိသည်။ ထိုသုံးပါးတွင် တောင်ဖီလာဆရာတော်လောင်းလျာလည်းပါဝင်သည်။ တပည့်သုံးပါးမှာ အရှင်တိစက္ကာဘိရာမ၊ အရှင်သာသနဓရ(အရှေ့သာသနာပိုင်မဟာဓမ္မသာမိ)၊ တောင်ဖီလာဆရာတော်တို့ဖြစ်သည်။ တောင်ဖီလာဆရာတော်သည် ထိုသို့ ပညာသင်ကြားနေစဉ်ကတည်းကပင် သာမဏေကျော်အဖြစ်ထင်ရှားသည်။ ၁၅ နှစ်သားအရွယ် သာမဏေဘဝကပင် ဝေဿန္တရာပျို့ကို ရေးသားစီရင်ခဲ့သည်။ သက္ကရာဇ် ၉၅၄ ခုနှစ်တွင် ရေးသားပြုစုပြီးခဲ့သည်။

**ရဟန်းဘဝသို့**

သက္ကရာဇ် ၉၅၉ ခုနှစ်တွင် ညောင်ရမ်းမင်းတရားကြီးသည် အင်းဝမြို့ကို ဗဟိုပြု၍ နိုင်ငံတော်ကိုတည်ထောင်နေချိန်ဖြစ်သည်။ ထိုအချိန်တွင် အောက်ပိုင်းပြည်မြို့၌ မင်းကြီးနှောင်းကို အထိန်းတော်ရန်နိုင်မှူးက လုပ်ကြံပြီး ပြည်မြို့၌ မင်းပြုခဲ့သည်။ အထိန်းတော်ရန်နိုင်မှူးသည် ပြည်မြို့၌မင်းပြုစဉ် သာမဏေကျော်မုနိန္ဒဃောသကို များစွာကြည်ညိုသည်။ ထို့ကြောင့် ရဟန်းဒကာအဖြစ်ခံယူခဲ့သည်။ ရှင်သာမဏေမုနိန္ဒဃောသ သက်တော် ၂၀ ပြည့်သောအခါ ရန်နိုင်မှူး၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝသို့ရောက်ရှိသည်။ ရဟန်းဘွဲ့မှာလည်း မုနိန္ဒဃောသပင်ဖြစ်သည်။ တောင်ဖီလာဆရာတော်သည် ရဟန်းဘဝတွင်လည်း ပဥ္စင်းကျော်အဖြစ် ထင်ရှားသည်။

**ရဟန်းဘဝဖြင့် ပညာဆက်သင်**

ဆရာတော်ပြုစုခဲ့သော ဝိသတိဝဏ္ဏနာနိဂုံး၌ ဆရာတော်သည် အရိယဝံသဓမ္မသေနာပတိ၊ သီရိသဒ္ဓမ္မကိတ္တိ စသည့်ရဟန်းပညာရှိများထံ စာပေဆက်လက်သင်ကြားကြောင်း ရေးသားဖော်ပြထားသည်။

ဆရာတော်သည် ထိုသို့ဆရာအသီးသီးထံလှည့်လည်ပညာသင်ကြားခဲ့သောကြောင့် စာပေကျမ်းဂန်အထူးတတ်မြောက်သည်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ သဒ္ဒါဗျာကရိုဏ်းကျမ်းတို့၌ တွန့်ဆုတ်ကြောက်လန့်ခြင်းမရှိ တတ်မြောက်သည်။ ဆရာတော်၏ ဂုဏ်သတင်းသည် အလွန်ထင်ရှားကျော်ကြားခဲ့သည်။ ပညာတတ်သည်၊ ဉာဏ်ထက်သည်၊ ဝိနည်းသိက္ခာပုဒ်တို့၌ လေးစားသည် စသည့်ကျော်စောမှုများလည်း ရဟန်းပရိသတ်၊ လူပရိသတ်၊ မင်းစိုးရာဇာပရိသတ်ထိ ထင်ရှားကျော်ကြားခဲ့သည်။

**ပြည်မှစလင်းသို့**

ဆရာတော်သည် ပြည်မြို့မှဇာတိစလင်းမြို့သို့ခဏပြန်ကြွတော်မူခဲ့သည်။ စလင်းမြို့သို့ရောက်သောအခါတွင် စလင်းမြို့အရှေ့မျက်နှာရှိ ဦးရီးတော်စပ်သူ ရှင်ဥပါလိ မဟာထေရ်၏ကျောင်း၌ သီတင်းသုံးသည်။ ဘွဲ့ကိုလည်း ရှင်ဥပါလိဟူ၍ပင်ခံယူခဲ့သည်။ ထို့ကြောင့် တောင်ဖီလာဆရာတော်သည် 'မုနိန္ဒဃောသ' ဟူသောဘွဲ့အပြင် 'ရှင်ဥပါလိ'ဟူသော ဘွဲ့လည်းတိုးလာသည်။ ဦးရီးတော် ဥပါလိမဟာထေရ်နှင့် ဘွဲ့တူသည်ကို သတိပြုရာ၏။

**ပြည်သို့ပြန်ကြွ**

ဆရာတော်သည် စလင်းမြို့မှတစ်ဆင့် ပြည်မြို့သို့ ပြန်ကြွတော်မူပြန်သည်။ ပြည်မြို့သို့ပြန်ရောက်သောအခါ ဆရာဖြစ်သည့် အရှင်အဘိသင်္ကေတသာရ၏ နဝင်းကျောင်း၌ပင် သီတင်းသုံးနေထိုင်သည်။ ထိုကဲ့သို့ စလင်းမှ ပြည်မြို့သို့ပြန်ကြွသည်မှာ ရဟန်းဝါ ၁၀ ဝါအတွင်းဖြစ်သည်ဟု သိရသည်။

**စာချဆရာတော်**

ဆရာတော်သည် ပြည်မြို့ နဝင်းကျောင်း၌ သီတင်းသုံးစဉ် နယ်အသီးသီးမှရောက်ရှိလာသော စာသင်သားများကို စာဝါပို့ချနေတော်မူခဲ့သည်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကျမ်းဂန်များကိုပို့ချရာတွင် အပျက်အကွက်မရှိ ပို့ချတော်မူသည်။ စာဝါပို့ချပြီးတိုင်း "ဣဒံ မေပုညံ သဗ္ဗညုတဉာဏဿ ပစ္စယောဟောတု ဤသို့ စာပေပို့ချရသော မြတ်ပုညသည် သဗ္ဗညုတဉာဏ်၏ အကြောင်း အထောက်အပံ့ဖြစ်ပါစေ" ဟု ဆုတောင်းလေ့ရှိသည်။

တောင်ဖီလာဆရာတော်သည် စာပေပို့ချပုံ အလွန်ကောင်းမွန်ပြည့်စုံသည်ဟု မှတ်တမ်းတွေ့ရသည်။ အနက်ပေးရာတွင်လည်း နည်းပေါင်းစုံဖော်ပြပို့ချလေ့ရှိသည်။

**အနောက်ဘက်လွန်မင်း**

အင်းဝမြို့တွင် ညောင်ရမ်းမင်းတရားကြီး နတ်ရွာစံသောအခါတွင် သားတော်ကြီး အနောက်ဘက်လွန်မင်းသည် မဟာဓမ္မရာဇာ အမည်ခံတော်မူ၍ သက္ကရာဇ် ၉၆၇ ခုနှစ်တွင် အင်းဝ၌ နန်းတက်တော်မူသည်။ နန်းတက်ပြီး နှစ်နှစ်ခန့်အကြာ သက္ကရာဇ် ၉၆၉ ခုနှစ်တွင် ပြည်မြို့သို့စစ်ချီတိုက်ခိုက်ခဲ့သည်။ ပြည်စားရန်နိုင်မှူးလည်း အနောက်ဘက်လွန်မင်းကို ယှဉ်ပြိုင်မတိုက်ခိုက်နိုင်ဘဲ အရှုံးပေးခဲ့ရသည်။ ပြည်မြို့ကို သိမ်းပိုက်ပြီးသောအခါတွင် ပြည်စားရန်နိုင်မှူးကို အင်းဝသို့ခေါ်ဆောင်၍ အင်းဝမြို့မြောက်မျက်နှာ တော်သလင်းတဲတော်ဆိပ်တွင်ထားသည်။ ထို့ပြင် ပြည်မြို့မှခေါ်သင့်သူများကို အင်းဝသို့ခေါ်ဆောင်ခဲ့သည်။ ထိုသို့ခေါ်ဆောင်ရာတွင် ရဟန်းရှင်လူများစွာပါသည်။ ထိုအထဲမှ ရဟန်းတော်များတွင် တောင်ဖီလာဆရာတော်၊ လူပုဂ္ဂိုလ်တွင် ၁၃ နှစ်သားအရွယ် ငထောင်ငယ်တို့ပါခဲ့သည်။ ထိုသူ နှစ်ဦးကိုရည်၍ အနောက်ဘက်လွန်မင်းက ပြည်မြို့ကိုတိုက်ရာတွင် ရှင်တစ်ဆူ၊ လူတစ်ယောက်သာရခဲ့သည်ဟု မိန့်တော်မူခဲ့သည်။ တောင်ဖီလာဆရာတော် အင်းဝသို့ရောက်သောအချိန်တွင် သက်တော် ၃၀ သာရှိသေးသည်။ ငထောင်ငယ်မှာ နောင်တွင် နန္ဒယော်ဓာဟူသောဘွဲ့ဖြင့် ထင်ရှားသော အမတ်ကြီးဖြစ်ခဲ့သည်။

**အင်းဝမြို့၌ သီတင်းသုံးခြင်း**

အနောက်ဘက်လွန်မင်းတရားကြီး၏ ပင့်ဆောင်မှုကြောင့် အင်းဝနေပြည်တော်သို့ရောက်ရှိလာသော တောင်ဖီလာဆရာတော်သည် မဟာမြတ်မုနိဘုရား သုဓမ္မာရပ်၌ သီတင်းသုံးသည်။ အနောက်ဘက်လွန်မင်းတရားကြီးက ဘုရားတစ်ဆူပမာ ကြည်ဖြူလေးမြတ်လုပ်ကျွေးကိုးကွယ်တော်မူသည်။

❖ ဆရာတော်သည် ပြည်မြို့ နဝင်းကျောင်း၌ သီတင်းသုံးစဉ် နယ်အသီးသီးမှရောက်ရှိလာသော စာသင်သားများကို စာဝါပို့ချနေတော်မူခဲ့သည်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကျမ်းဂန်များကိုပို့ချရာတွင် အပျက်အကွက်မရှိ ပို့ချတော်မူသည်။ စာဝါပို့ချပြီးတိုင်း "ဣဒံမေပုညံ သဗ္ဗညုတဉာဏဿ ပစ္စယောဟောတု ဤသို့စာပေပို့ချရသော မြတ်ပုညသည် သဗ္ဗညုတဉာဏ်၏အကြောင်းအထောက်အပံ့ဖြစ်ပါစေ"ဟု ဆုတောင်းလေ့ရှိသည်။ တောင်ဖီလာဆရာတော်သည် စာပေပို့ချပုံအလွန်ကောင်းမွန်ပြည့်စုံသည်ဟု မှတ်တမ်းတွေ့ရသည်။ အနက်ပေးရာတွင်လည်း နည်းပေါင်းစုံဖော်ပြပို့ချလေ့ရှိသည်။ ❖

**ဟံသာဝတီသို့ကြွရခြင်း**

ပေါ်တူဂီလူမျိုး ငဇင်ကာသည် မြန်မာမင်း၏ ပိုင်နက်ဖြစ်သော သန်လျင်မြို့ကိုသိမ်းပိုက်ကာ ပုန်ကန်မှုပြုခဲ့သည်။ အနောက်ဘက်လွန်မင်းတရားသည် သန်လျင်စား ငဇင်ကာအရေးကို ၉၇၄ ခုနှစ်တွင် သွားရောက်နှိမ်နင်းရသည်။ ထိုကမှတစ်ဖန် ဟံသာဝတီ(ပဲခူး)သို့ ဆက်လက်ချီတက်ရသည်။ ထိုကဲ့သို့ ချီတက်တိုက်ခိုက်သော စစ်ပွဲများတွင် အနောက်ဘက်လွန်မင်းသည် တောင်ဖီလာဆရာတော်ကို ပင့်ဆောင်၍သွားသည်။ ထို့ကြောင့် တောင်ဖီလာဆရာတော်သည် ဟံသာဝတီသို့ လိုက်ပါရခြင်းဖြစ်သည်။ ထိုကဲ့သို့ စစ်တိုက်ထွက်ရာတွင် ရဟန်းသံဃာတော်များပင့်ဆောင်သွားသည့်ထုံးစံသည် သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာ)၌ နန်းတက်ခဲ့သော ဒုဋ္ဌဂါမဏီမင်းက စခဲ့သည်ကိုတွေ့ရသည်။ ဒုဋ္ဌဂါမဏီမင်းသည် တမိဠ ခေါ် တမီလ်တို့နှင့် စစ်တိုက်ထွက်ရာတွင် ရဟန်းသံဃာများကိုပင့်ဆောင်သွားသည်။ မင်္ဂလာအကျိုး၊ အစောင့်အရှောက် အရံအတားအကျိုးငှာ ရဟန်းသံဃာများကို ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုထုံးစံကိုယူပြီး အနောက်ဘက်လွန်မင်းသည် သန်လျင်နှင့် ဟံသာဝတီသို့စစ်ချီရာတွင် တောင်ဖီလာဆရာတော်ကို ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။

**အင်းဝပြန်ကြွ**

ထို့နောက်တွင် ဟံသာဝတီမှ အင်းဝသို့ပြန်ရောက်သောအခါတွင်လည်း တောင်ဖီလာဆရာတော်ကို ဆက်လက်ကိုးကွယ်တော်မူခဲ့သည်။ သက္ကရာဇ် ၉၇၇ ခုနှစ်တွင် ညီတော်စကုမင်း မင်းရဲကျော်စွာက နောင်တော်အနောက်ဘက်လွန်မင်းထံ တောင်ဖီလာဆရာတော်ကို သုံးကြိမ်တိုင်တိုင် ကိုးကွယ်ခွင့်တောင်းသဖြင့် ခွင့်ပြုလိုက်သည်။ ထိုအခါတွင် မင်းရဲကျော်စွာသည် စစ်ကိုင်းမြို့တွင် မြစ်နားလေးထပ် ကျောင်းကိုတည်ဆောက်၍ တောင်ဖီလာဆရာတော်ကိုတင်လှူကာ ကိုးကွယ်ခဲ့သည်။

**မင်းရဲကျော်စွာ**

ဤနေရာတွင် တောင်ဖီလာဆရာတော်ကို ကျောင်းဆောက်လှူဒါန်းခဲ့သည့် မင်းရဲကျော်စွာ အကြောင်းကို ဆိုပါဦးမည်။ မင်းရဲကျော်စွာသည် အင်းဝမြို့ကို ဒုတိယအကြိမ်တည်ထောင်ခဲ့သော်လည်း ညောင်ရမ်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး ခင်ဘုန်းမြင့်တို့မှ မွေးဖွားခဲ့ခြင်းဖြစ်သည်။ မင်းရဲကျော်စွာ၏ မွေးချင်းများမှာ-

၁။ အနောက်ဘက်လွန်မင်း

၂။ သာလွန်မင်း

၃။ အတုလစန္ဒာဒေဝီမိဖုရား

၄။ မင်းရဲကျော်စွာတို့ဖြစ်သည်။

ထို့ကြောင့် မင်းရဲကျော်စွာသည် ညောင်ရမ်းခေတ်ဦးပိုင်းကာလတွင် ထင်ရှားသည့် အနောက်ဘက်လွန်မင်း၊ သာလွန်မင်းတို့၏ ညီတော်အရင်းဖြစ်သည်။ နောင်တော်သာလွန်မင်းလက်ထက်တွင် ညီတော်မင်းရဲကျော်စွာသည် အိမ်ရှေ့မင်းအဖြစ်နေရသည်။ သက္ကရာဇ် ၉၉၇ ခုနှစ်တွင် အိမ်ရှေ့မင်းအရာရခဲ့ခြင်းဖြစ်သည်။

မင်းရဲကျော်စွာသည် ခမည်းတော် ညောင်ရမ်းမင်းတရားကြီးလက်ထက်ကတည်းက နောင်တော်နှစ်ပါးနှင့်အတူ နယ်အသီးသီးသို့ စစ်ချီစစ်တက်အမြဲထွက်ရသည်။ ငယ်မည်မှာ သခင်ဖြူဖြစ်သည်။ စကုမြို့ကို စားရသောကြောင့် ရာဇဝင်အစောင်စောင်၌ စကုမင်းကြီးဟုရေးသည်။ မင်းရဲကျော်စွာသည် စစ်ရေးစစ်ရာ၌ နောင်တော်နှစ်ပါးနည်းတူ ထူးချွန်သည်။ နောင်တော်အနောက်ဘက်လွန်မင်းလက်ထက် တောင်ငူသို့ သွားရောက်နှိမ်နင်းရာတွင်လည်း ပါရသည်။ သန်လျင်မှနေ၍ နတ်ရှင်နောင်နှင့်ပေါ်တူဂီလူမျိုး ငဇင်ကာတို့ ပုန်ကန်ရာတွင်လည်း မင်းရဲကျော်စွာသည် ကြည်းတပ်တစ်တပ်ကို အုပ်ချုပ်၍ လိုက်ပါနှိမ်နင်းရသည်။ ထို့ပြင် ကျိုင်းရုံ၊ ကျိုင်းတုံဒေသများသို့ စစ်ချီတက်သိမ်းပိုက်ရာတွင်လည်း မင်းရဲကျော်စွာလိုက်ပါရသည်။ ထိုအချက်များကို ကြည့်ခြင်းအားဖြင့် မင်းရဲကျော်စွာသည် စစ်ရေးစစ်ရာတွင် မည်မျှထူးချွန်ကြောင်းသိနိုင်သည်။ ပို၍ထင်ရှားစေသည့်အချက်မှာ သာလွန်မင်းတရားကြီးကို သားတော်ရှင်တရုတ်လုပ်ကြံရာတွင် မင်းရဲကျော်စွာမရှိမှ လုပ်ကြံရခြင်းဖြစ်သည်။ မင်းရဲကျော်စွာမရှိမှ ရှင်တရုတ်ကသာလွန်မင်းကို လုပ်ကြံရခြင်းသည် မင်းရဲကျော်စွာ၏တိုက်ခိုက်ရေးစွမ်းရည်ကို သိသာစေသည်။

မင်းရဲကျော်စွာသည် ခမည်းတော် ညောင်ရမ်းမင်းတရားကြီးလက်ထက်၌ စကုမြို့ကိုစားရသည်။ ထို့ကြောင့် ရာဇဝင်ကြီးအစောင်စောင်တွင် စကုမင်းကြီး မင်းရဲကျော်စွာ၊ စကုမင်းကြီးဟူ၍ ရေးသားဖော်ပြကြသည်။ နောင်တော်အနောက်ဘက်လွန်မင်းလက်ထက် သက္ကရာဇ် ၉၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့(၁၆၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်)တွင် မင်းရဲကျော်စွာဘွဲ့ကို ရခဲ့သည်။ ထိုအကြောင်းကို မဟာရာဇဝင်ကြီး တတိယတွဲ၌ "ညီတော်အငယ် စကုမင်းကြီးကို မင်းရဲကျော်စွာဟူသောအမည်ကို သမုတ်တော်မူ၍ အဝဘုရင်မင်းရဲကျော်စွာစုန်အဆောင်အယောင်ကိုပေးတော်မူသည်။ စကုမြို့နှင့်တကွ ကမ်းနီမြို့၊ ပျဉ်းမနားမြို့၊ ပျဉ်ပြားမြို့မည်များကိုလည်း ပေးတော်မူသည်" ဟူ၍ ဖော်ပြထားသည်။

သာလွန်မင်းတရားကြီးလက်ထက်ရောက်သောအခါတွင် မင်းရဲကျော်စွာသည် တိုင်းပြည်၏ ဒုတိယအာဏာအရှိဆုံးဖြစ်သည့် အိမ်ရှေ့မင်းအရာကိုရရှိခဲ့သည်။ သက္ကရာဇ် ၉၉၇ ခုနှစ်တွင် အိမ်ရှေ့အရာကိုရရှိခဲ့သည်။ ထိုအကြောင်းကို မုံရွေးရာဇဝင်ကျော်၌ "ညီတော်မင်းရဲကျော်စွာကိုလည်း စလင်းမြို့ကို ကံကျွေးပြုစေလျက် အိမ်ရှေ့အရာ၌ နေတော်မူရသည်"ဟူ၍ ဖော်ပြထားသည်။ ဤနေရာတွင် မင်းရဲကျော်စွာကို ရာဇဝင်ကြီးများနှင့်သာသနာဝင်ကျမ်းများ၌ အထူးပြုခေါ်ပုံကွဲပြားသည်ကို ဆိုပါဦးမည်။ ရာဇဝင်ကျမ်းများတွင် မင်းရဲကျော်စွာကို စကုမင်းကြီးဟူ၍ ရေးပြီး သာသနာလင်္ကာရကျမ်း၌ စလင်းစား မင်းရဲကျော်စွာဟူ၍ရေးကြသည်။ ထိုသို့ ရေးကြသည်မှာ မင်းရဲကျော်စွာ စားရသောမြို့များကို အစွဲပြု၍ရေးခြင်းကြောင့်ဖြစ်သည်။ နှစ်ဦးရှိ၍မဟုတ်ပါ။ ရာဇဝင်ဆရာများက စကုမြို့စားရသည်ကို အစွဲပြုပြီး စကုမင်းကြီးဟုရေးပြီး သာသနာဝင်ကျမ်းပြုဆရာများက စလင်းမြို့စားရသည်ကိုအစွဲပြု၍ စလင်းစားမင်းရဲကျော်စွာဟု ရေးခြင်းဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၉၂၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးထားပါတယ်။ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးထားပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများ ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးလာရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာသင်တန်းများပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံများဖြစ်စေရန် နည်းပညာများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းစင်စေရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲနည်းအသိပညာပေးလုပ်ငန်းများနှင့် စိုက်ပျိုးကြသောဟင်းသီးဟင်းရွက်သီးနှံများအောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်ဝင်ဟင်းသီးဟင်းရွက်များဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လယ်ယာခွင်

- အချိန်တန် မိုးတစ်ဖြိုက်နဲ့
  ပျိုးစိုက်တဲ့ တို့တောင်သူ၊
  နွားညီနောင် ဆင်ယင်နွဲ့လို့
  ယှဉ်တွဲထွန်ကူ၊
  နှင်တံနှင့် မောင်းကာယူ
  တမန်းထူထူ ညက်လေခြင်း၊
  ပျိုးကြဲကာ လယ်ပြင်ဝိုင်းမို့
  ရှုတိုင်းစိုက်ခင်း။

- မေပျိုဖြူ လယ်ထဲဆင်းပါလို့
  တေးသီရင်း ဟစ်ကာပျော်၊
  မျှော့ကတွယ် ပတ်ကာပြေးတော့
  မယ်ထွေးဟစ်အော်၊
  ယောင်းမတို့ တကြော်ကြော်
  ကူသူခေါ် လယ်ပြင်စခန်း၊
  ရှုမဆုံးနိုင် တောဓလေ့မို့
  ကြည်မွေ့မြင်ဆန်း။

- ပျိုးဆုပ်ကို လက်ကူကမ်း
  တန်းစီပြီး စိုက်ကြတာ၊
  ကွင်းပြင်ကျယ် လယ်တရိုးမို့
  ကောက်ပင်ထိုးဖြာ၊
  လေယူတိမ်း ဘယ်နှင့်ညာ
  ယိမ်းကကာ ရင်ဝယ်အေး၊
  ထွက်နှုန်းအောင် ဆန်ရေစပါး
  တိုးပွားလို့ အမျိုးမှန်
  အဖိုးတန်လို့ ပေါကြွယ်ကြောင်း
  ပြည်ပရောင်းလို့ ဖြန့်ဝေမည်
  တို့မြန်ပြည် ဝင်ငွေတိုးပွားလို့
  ကျိုးများဖို့လေး။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

# လဲချားမြို့နယ် ဟိုနောင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လဲချား ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနောင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိုနောင်လုံကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၂၂ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပဲခူးမြို့နယ် စိုင်တီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုင်တီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် စိုင်တီကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# နိုင်ငံတကာ သတင်းများ

## ကမ္ဘာ့ဩဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်အဖြစ် စင်ကာပူနိုင်ငံကူးလက်မှတ် ရပ်တည်

**လန်ဒန် ဇူလိုင် ၂၄**

စင်ကာပူ နိုင်ငံကူးလက်မှတ်သည် ကမ္ဘာပေါ်၌ ဩဇာအကြီးမားဆုံး နိုင်ငံကူးလက်မှတ်ဘွဲ့ကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း ဇူလိုင် ၂၃ ရက်က ဖော်ပြခဲ့သည်။

လန်ဒန်မြို့အခြေစိုက် ဟန်နလေ သုတေသနအဖွဲ့က ထုတ်ပြန်သည့် ဟန်နလေ နိုင်ငံကူးလက်မှတ် အညွှန်းကိန်း၏အဆိုအရ စင်ကာပူ နိုင်ငံကူးလက်မှတ်ဖြင့် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၉၅ နေရာထိ ဗီဇာမလိုပဲ သွားရောက်နိုင်ကြောင်း သိရသည်။

ကမ္ဘာ့ဩဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်အညွှန်းကိန်း၏ ဒုတိယနေရာတွင် ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် စပိန်နိုင်ငံတို့၏ နိုင်ငံကူးလက်မှတ်များက ပူးတွဲရပ်တည်လျက်ရှိသည်။

အဆိုပါ ဥရောပနိုင်ငံ လေးနိုင်ငံတို့၏ နိုင်ငံကူးလက်မှတ်များသည် ဂျပန်နိုင်ငံ၏ နိုင်ငံကူးလက်မှတ်နှင့်အတူ ဒုတိယ ကမ္ဘာ့ဩဇာအကြီးမားဆုံး နိုင်ငံကူးလက်မှတ်ဘွဲ့ကို ရယူထားခြင်းဖြစ်သည်။

ကမ္ဘာ့တတိယမြောက် ဩဇာအကြီးမားဆုံး နိုင်ငံကူးလက်မှတ်နေရာတွင် ဩစတြီးယား၊ ဖင်လန်၊ အိုင်ယာလန်၊ လူဇင်ဘတ်၊ နယ်သာလန်၊ တောင်ကိုရီးယားနှင့် ဆွီဒင်နိုင်ငံတို့၏ နိုင်ငံကူးလက်မှတ်များက ရပ်တည်လျက်ရှိသည်။

ထို့ပြင် ကမ္ဘာ့ဩဇာအနည်းဆုံး နိုင်ငံကူးလက်မှတ်မှာ အာဖဂန်နစ္စတန်နိုင်ငံ၏ နိုင်ငံကူးလက်မှတ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၂၆ ခုထိသာ ဗီဇာမပါဘဲ သွားရောက်နိုင်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မက္ကဆီကို၌ အရက်ချက်စက်ရုံ ပေါက်ကွဲမီးလောင် လူငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၄**

မက္ကဆီကိုနိုင်ငံ ဂျာလစ္စကို ပြည်နယ် တီကွီလာမြို့ရှိ တီကွီလာ အရက်ချက်စက်ရုံတစ်ရုံ၌ ဇူလိုင် ၂၃ ရက်က ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး အလုပ်သမားငါးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ကာဆာကူအာဗိုအမည်ရှိ တီကွီလာအရက်ချက်စက်ရုံ ပေါက်ကွဲမီးလောင်မှုကြောင့် အလုပ်သမားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ အရက်ချက်စက်ရုံ မီးလောင်မှုကို မီးသတ်သမား ဦးရေ ၄၀ ဖြင့် ထိန်းချုပ်ခဲ့ရကြောင်း မက္ကဆီကိုမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အဆိုပါ အရက်ချက်စက်ရုံ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို မက္ကဆီကိုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။


ကာဆာကူအာဗို တီကွီလာ အရက်ချက်စက်ရုံသည် မက္ကဆီကိုနိုင်ငံ၏ နာမည်ကျော် တီကွီလာ အရက်ကို ကမ္ဘာပေါ်၌ အများဆုံး ထုတ်လုပ်နေသည့်စက်ရုံဖြစ်သည်။

အဆိုပါ အရက်ချက်စက်ရုံ ပေါက်ကွဲမီးလောင်မှုကြောင့် စက်ရုံအနီးဝန်းကျင်ရှိ ဒေသခံများကို ဘေးလွတ်ရာသို့ မက္ကဆီကိုတာဝန်ရှိသူများက ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**




## ကွမ်ကျိုးမြို့၌ တရုတ်နှင့် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဇူလိုင် ၂၄**

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယိနှင့် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒီမီထရိုကူလီဘာတို့သည် တရုတ်နိုင်ငံတောင်ပိုင်း၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ယူကရိန်းနိုင်ငံခြားရေး ဝန်ကြီးတို့သည် ကွမ်ကျိုးမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကွမ်ကျိုးမြို့ ဆွေးနွေးပွဲတွင် တရုတ် နိုင်ငံခြားရေးဝန်ကြီးနှင့် ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိဖြစ်ပွားဆဲ စစ်ပွဲနှင့် ပတ်သက်၍ ကြားနေဝါဒကျင့်သုံးနေပြီး ရုရှားနှင့် ယူကရိန်း မည်သည့်ဘက်ကိုမျှ စစ်ရေးအကူအညီများ ပေးနေခြင်းမရှိကြောင်း ကြေညာထားသည်။

သို့ရာတွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကစီးပွားရေးနှင့် နိုင်ငံရေးမဟာမိတ် တစ်ဦးဖြစ်ပြီး ယူကရိန်းစစ်ပွဲကို တွန်းအားပေးနေကြောင်း အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားသည်။

ဒီမီထရိုကူလီဘာသည် ယူကရိန်းစစ်ပွဲစတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သော ပထမဆုံး ယူကရိန်းအစိုးရ ထိပ်တန်းတာဝန်ရှိသူ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## နီပေါ၌ ခရီးသည်တင်လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ဝန်ထမ်း ၁၈ ဦးသေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၂၄**



နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ယနေ့တွင် ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ၁၈ ဦး သေဆုံး၍ တစ်ဦး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပေါ်၌ လေယာဉ်မှူး နှစ်ဦးနှင့် ဆော်ရာ လေကြောင်းလိုင်း ဝန်ထမ်း ၁၇ ဦး လိုက်ပါသွားကြောင်း နီပေါ တာဝန်ရှိသူများက ပြောကြားထားသည်။

ဆော်ရာ လေကြောင်းလိုင်းပိုင် အဆိုပါ ခရီးသည်တင်လေယာဉ်သည် စမ်းသပ်ပျံသန်းမှုပြုလုပ်ရေးအတွက် ခတ္တမန္ဒူလေဆိပ်မှ ပျံတက်ပြီးနောက် ပျက်ကျခဲ့ရခြင်း ဖြစ်ကြောင်း၊ ပျက်ကျခဲ့သည့် လေယာဉ်ပေါ်တွင် လိုက်ပါသွားသူများအနက် လေယာဉ်မှူးတစ်ဦးကိုသာ အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့သော်လည်း ကျန်လူအားလုံးမှာ သေဆုံးခဲ့ရကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားထားသည်။

ပျက်ကျခဲ့သည့်လေယာဉ်သည် ခတ္တမန္ဒူမြို့နှင့် ပိုခါရာမြို့ကြား ပြေးဆွဲပျံသန်းရန် စီစဉ်ထားသည့် လေယာဉ်ဖြစ်သည်။

နီပေါနိုင်ငံသည် ပြီးခဲ့သည့် နှစ်များအတွင်း လူအသေအပျောက်ရှိသည့် လေယာဉ်နှင့် ရဟတ်ယာဉ် ပျက်ကျမှုများ ဆက်တိုက်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အမေရိကန် လျှို့ဝှက်လုံခြုံရေးဌာနအကြီးအကဲ ကင်ဘာလီချီတယ်လ် ရာထူးမှနုတ်ထွက်

**နယူးယောက် ဇူလိုင် ၂၄**

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်အားလုပ်ကြံရန် ကြိုးပမ်းမှုကို ကြိုတင်တားဆီးနိုင်မှု မရှိခဲ့ခြင်းကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသော အမေရိကန် လျှို့ဝှက်လုံခြုံရေးဌာန ညွှန်ကြားရေးမှူး ကင်ဘာလီချီတယ်လ်သည် ဇူလိုင် ၂၃ ရက်က ရာထူးမှ နုတ်ထွက်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန် လျှို့ဝှက်လုံခြုံရေးဌာနသည် လက်ရှိတာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတများနှင့် သမ္မတဟောင်းများကို အကာအကွယ်ပေးရန် တာဝန်ယူထားသော အဖွဲ့အစည်းဖြစ်သည်။

သို့ရာတွင် ဇူလိုင် ၁၃ ရက်က ဖြစ်ပွားခဲ့သည့် ဒေါ်နယ်ထရန့်အား လုပ်ကြံရန် ကြိုးပမ်းမှုကြောင့် အမေရိကန် လျှို့ဝှက်လုံခြုံရေးအဖွဲ့မှာ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

ပင်ဆယ်ဗေးနီးယား ပြည်နယ်၌ ဇူလိုင် ၁၃ ရက်က ကျင်းပခဲ့သည့် ရီပတ်ဘလီကန် မဲဆွယ်ပွဲ၌ ဒေါ်နယ်ထရန့်ကို သေနတ်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ရာ ဒေါ်နယ်ထရန့်၏ နားရွက်၌ ဒဏ်ရာရရှိခဲ့သည်။

ညွှန်ကြားရေးမှူး ကင်ဘာလီချီတယ်လ် ရာထူးမှနုတ်ထွက်ပြီးနောက် လျှို့ဝှက်လုံခြုံရေးဌာန ညွှန်ကြားရေးမှူးရာထူးကို လက်ထောက်ညွှန်ကြားရေးမှူး ရော်နယ်ရိုးက ယာယီရယူထားမည်ဖြစ်ကြောင်း သိရသည်။

ဒေါ်နယ်ထရန့်အား လုပ်ကြံရန် ကြိုးစားမှု ဖြစ်ပွားခဲ့ပြီးနောက် လျှို့ဝှက်လုံခြုံရေးဌာန ညွှန်ကြားရေးမှူးရာထူးမှ နုတ်ထွက်ပေးရန် ကင်ဘာလီချီတယ်လ်အား ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန် လွှတ်တော်အမတ်များက တောင်းဆိုခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ABL ကုမ္ပဏီက အာရ်အက်စ်-၁ ဒုံးပျံကို မြေပြင်ဒုံးအင်ဂျင်စမ်းသပ်မှု ပြုလုပ်ပြီးနောက် မစ်ရှင်မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒုံးပျံပါပျက်စီးခဲ့ရ



**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် ABL အာကာသနည်းပညာ ကုမ္ပဏီသည် အာရ်အက်စ်-၁ အမည်ရှိ ဒုံးပျံကို မြေပြင်ဒုံးအင်ဂျင် စမ်းသပ်မှုပြုလုပ်ပြီးနောက် မစ်ရှင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒုံးပျံပါ ပျက်စီးခဲ့ရကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

ABL ကုမ္ပဏီသည် အာရ်အက်စ်-၁ ဒုံးပျံ မြေပြင်ဒုံးအင်ဂျင် စမ်းသပ်မှုကို အလာစကာပြည်နယ် ပစိဖိတ်အာကာသစခန်း၌ ဇူလိုင် ၁၉ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြေပြင်ဒုံးအင်ဂျင်စမ်းသပ်မှု ပြုလုပ်ပြီးနောက် အာရ်အက်စ်-၁ ဒုံးပျံ နေရာထိုင်ထားသော ပစ်စင်၌မီးလောင်ခဲ့ရာ ဒုံးပျံလည်း ပျက်စီးခဲ့ရကြောင်း ABL ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ABL ကုမ္ပဏီသည် အာရ်အက်စ်-၁ ဒုံးပျံကို ဒုတိယအကြိမ် စမ်းသပ် လွှတ်တင်ရေးအတွက် ပြင်ဆင်သည့်အနေဖြင့် ပစ်စင်၌ အထိုင်ချ၍ ဒုံးအင်ဂျင်စမ်းသပ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ABL ကုမ္ပဏီသည် အာရ်အက်စ်-၁ ဒုံးပျံကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပထမဆုံး အကြိမ် စမ်းသပ်လွှတ်တင်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။

ABL ကုမ္ပဏီသည် အလေးချိန် ၁၃၅ ကီလိုဂရမ်ထိရှိသော ဂြိုဟ်တုများကို လွှတ်တင်ပေးနိုင်ရေးအတွက် အာရ်အက်စ်-၁ ဒုံးပျံကို စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## Space-X ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများက ပြီးခဲ့သည့်ခြောက်လအတွင်း ပတ်လမ်းနေရာရွှေ့ပြောင်းမှုပေါင်း ၅၀၀၀၀ ခန့် ပြုလုပ်ခဲ့ရ

**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများသည် ပြီးခဲ့သည့် ခြောက်လတာကာလ အတွင်း ပတ်လမ်းနေရာရွှေ့ပြောင်းမှုပေါင်း ၅၀၀၀၀ ခန့် ပြုလုပ်ခဲ့ရကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တုများ ယခုနှစ်အတွင်း ပြုလုပ်ခဲ့ရသည့် ပတ်လမ်းနေရာ ရွှေ့ပြောင်းမှုအကြိမ်ရေမှာ ယခင်နှစ် ပထမခြောက်လကထက် နှစ်ဆမြင့်တက်လာကြောင်း သိရသည်။

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများသည် အချင်းချင်းဝင်တိုက်မှု၊ အခြားဂြိုဟ်တုများနှင့်ဝင်တိုက်မှု၊ အာကာသအမှိုက်များနှင့်ဝင်တိုက်မှုတို့ကို ရှောင်ရှားရေးအတွက် ပတ်လမ်းနေရာရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



Space-X ကုမ္ပဏီ၏ အစီရင်ခံစာအရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေ ၃၁ ရက် ကြားကာလအတွင်း စတားလင့်ခ် ဂြိုဟ်တုများသည် ပျမ်းမျှအားဖြင့် တစ်စင်းလျှင် ၁၄ ကြိမ်ထိ ဒုံးအင်ဂျင်များနှိုး၍ ပတ်လမ်းနေရာရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ရသည်။

အထက်ပါ ခြောက်လတာကာလအတွင်းမှာပင် Space-X ကုမ္ပဏီက လွှတ်တင်ခဲ့သော စတားလင့်ခ် ဂြိုဟ်တုအရေအတွက်မှာလည်း စင်းရေ ၆၂၀၀ ထိမြင့်တက်လာကြောင်း Space-Xကုမ္ပဏီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ချန်အာ-၅ လဆင်းယာဉ်ဖြင့် ရယူထားသော လကမ္ဘာကျောက်သားနမူနာများထဲတွင် တည်ရှိနေသည့်ရေမော်လီကျူးများကို တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ပေကျင်း ဇူလိုင် ၂၄**

ချန်အာ-၅ လဆင်းယာဉ်ဖြင့် ရယူထားသော လကမ္ဘာကျောက်သားနမူနာများထဲတွင် တည်ရှိနေသည့်ရေမော်လီကျူးများကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

ချန်အာ-၅ လဆင်းယာဉ်ဖြင့် ရယူထားသော ကျောက်သားနမူနာများ၌ပါဝင်သည့် ULM-1 အမည်ရှိ တွင်းထွက်ဓာတ်တစ်မျိုး၌ ရေမော်လီကျူးများရှိနေကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကျောက်သားနမူနာများကို ချန်အာ-၅ လဆင်းယာဉ်က ၂၀၂၀ ပြည့်နှစ်တွင် လကမ္ဘာလတ္တီတွဒ် အမြင့်ပိုင်းမှရယူပေးခဲ့ခြင်းဖြစ်သည်။

ပြင်းထန်သည့်အပူချိန်နှင့် လေဟာနယ် ပတ်ဝန်းကျင်တို့ကြောင့် လပေါ်၌ ရေဓာတ်အနေဖြင့် အရည်ပုံစံဖြင့် ရှိမနေနိုင်ဘဲ မော်လီကျူးပုံစံမျိုးဖြင့်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ရှေးယခင်ကပင် ယူဆထားခဲ့ကြသည်။

ချန်အာ-၅ လဆင်းယာဉ်က ကျောက်သား နမူနာကောက်ယူသည့်နေရာမှာ မျက်နှာပြင်အပူချိန် ၈၀ ဒီဂရီဆဲလ်စီယပ်ထက်မပိုသောနေရာဖြစ်ရာ ရေမော်လီကျူးများတည်ရှိရန် အခွင့်အလမ်းသာကြောင်း တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

လကမ္ဘာပေါ်၌ ရေဓာတ်တည်ရှိမှုသည် လကမ္ဘာဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်ကို လေ့လာရာတွင် အဓိကကျသည့်အချက်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## သွေးတစ်စက်တည်းဖြင့် ရောဂါ ၆၇ မျိုးကို စစ်ဆေးဖော်ထုတ်ပေးနိုင်ဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၂၄**

သွေးတစ်စက်တည်းဖြင့် ရောဂါအမျိုးပေါင်း ၆၇ မျိုးကို စစ်ဆေးဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းတစ်မျိုးကို တစ်ချိန်ချိန်တွင် အသုံးချ၍ရလာနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

သွေးစက် တစ်စက်အတွင်းရှိ ပရိုတင်းရာပေါင်းများစွာတို့သည် ရောဂါအမျိုးမျိုးတို့၏ ရှေ့ပြေးလက္ခဏာများ ဖြစ်နိုင်ကြောင်း ဗြိတိန်နိုင်ငံ ကွင်းမေရီတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ရောဂါပေါင်း ၆၇ မျိုးကို ကြိုတင် ဖော်ထုတ်ရေးအတွက် အရေးအကြီးဆုံး ပရိုတင်းငါးမျိုးနှင့် ၂၀ ကြားတို့၏ ဇီဝလက္ခဏာများကို စူးစမ်းလေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွေးအတွင်းရှိ ပရိုတင်းဇီဝလက္ခဏာများသည် အရိုးနှင့်ရိုးတွင်းခြင်ဆီကင်ဆာနှင့် နှလုံးကြွက်သားရောဂါများ အပါအဝင် ရောဂါ ၆၇ မျိုး ဖြစ်ပွားနိုင်ခြေရှိ၊ မရှိကို ပြသနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ပရိုတင်းများကို လေ့လာဆန်းစစ်ခြင်းဖြင့် ရောဂါအများအပြား၏ ရောဂါနောက်ခံအကြောင်းတရားများကို ဖော်ထုတ်ရာတွင် အထောက်အကူ ရနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူပေါင်း ၄၀၀၀ တို့၏ ဆေးမှတ်တမ်းများကိုလည်း ၎င်းတို့၏ လေ့လာချက်တွင် အသုံးပြုခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Preeclampsia ပြဿနာပေါ်နိုင်ခြေရှိ၊မရှိ စမ်းသပ်ဆဲသွေးစစ်နည်းတစ်မျိုးဖြင့် ဖော်ထုတ်နိုင်

**နယူးယောက် ဇူလိုင် ၂၄**

ကိုယ်ဝန်ဆောင်ကာလ သွေးဖိအားပုံမှန်ထက်မြင့်တက်မှု (Preeclampsia) ပြဿနာပေါ်လာနိုင်ခြေ ရှိ၊ မရှိကို စမ်းသပ်ဆဲသွေးစစ်နည်းတစ်မျိုးဖြင့် ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

အဆိုပါသွေးစစ်နည်းသည် လူသားဆဲလ်များကြား သတင်းအချက်အလက်ဖလှယ်ပေးသည့် Extracellular Vesicle ခေါ် ဇီဝရုပ်မှုန်များအတွင်းရှိ မျိုးဗီဇလက္ခဏာများကို ရှာဖွေ၍ Preeclampsia ဖြစ်နိုင်ခြေ ရှိ၊ မရှိကို စစ်ဆေးပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်ဝန်ဆောင်ကာလ သွေးဖိအားပုံမှန်ထက်မြင့်မားမှုပြဿနာသည် မိခင်အတွက်ရော ရင်သွေးအတွက်ပါ ကျန်းမာရေးအရဆိုးကျိုးရှိသည့် ပြဿနာမျိုးဖြစ်သည်။

Preeclampsia ပြဿနာသည် ကိုယ်ဝန်သက် သီတင်းပတ် ၂၀ မြောက်တွင် ပေါ်ထွက်လာတတ်ပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းငါးရာခိုင်နှုန်းနှင့် ရှစ်ရာခိုင်နှုန်းကြား ရင်ဆိုင်ရတတ်သည့် ပြဿနာဖြစ်ကြောင်း သိရသည်။

Preeclampsia ပြဿနာကြောင့် မိခင်လောင်းများ၌အသည်းသို့မဟုတ် ကျောက်ကပ်ထိခိုက်ပျက်စီးသွားနိုင်ပြီး နှလုံးရောဂါဖြစ်နိုင်ခြေလည်း မြင့်တက်လာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၎င်းတို့၏ Preeclampsia သွေးစစ်နည်းကို ကိုယ်ဝန်ဆောင် အမျိုးသမီး ၁၄ ဦးဖြင့် စမ်းသပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ကန်နဲလိုနှင့်ဘာလန်ဂါတို့ ယှဉ်ပြိုင်ထိုးသတ်မည်



**မက္ကဆီကိုစီးတီး ဇူလိုင် ၂၄**

စူပါမစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုသည် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ပွာတိုရီကိုလက်ဝှေ့သမား ဘာလန်ဂါနှင့် ထိုးသတ်သွားရန် သဘောတူညီချက်ရရှိကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်နဲလိုနှင့် ဘာလန်ဂါတို့၏ စိန်ခေါ်ပွဲအား လာမည့်စက်တင်ဘာ ၁၄ ရက်နေ့တွင် အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်မြို့၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ကန်နဲလိုက ပြောကြားခဲ့သည်။

ထို့ပြင် ကန်နဲလိုက စူပါမစ်ဒယ်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နေသည်မှာ ကာလတစ်ခုအထိ ကြာမြင့်နေပြီဖြစ်သော်လည်း ဝိတ်တန်းပြောင်းရန် အစီစဉ်မရှိသေးကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

ကန်နဲလိုက "ကျွန်တော့်အနေနဲ့ စိန်ခေါ်မှုတွေအများကြီးလက်ခံရရှိထားတယ်။ ဒီစိန်ခေါ်မှုတွေထဲက ကျွန်တော့်အတွက် ပြိုင်ဘက်ကောင်းဖြစ်နိုင်တဲ့ စိန်ခေါ်သူကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ကိုယ့်ရဲ့အရည်အသွေးမြင့်တက်ဖို့အတွက် ပြိုင်ဘက်ကောင်းတွေနဲ့ပဲ ထိုးသတ်သွားချင်တယ်။ စိန်ခေါ်မှုအသစ်တွေလိုချင်တယ်။ ဒါကြောင့် ဘာလန်ဂါကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ပြိုင်ဘက်ကင်းချန်ပီယံတစ်ယောက်အနေနဲ့ ကာလရှည်ရပ်တည်သွားနိုင်ဖို့ အကောင်းဆုံးကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : RT**

**Trs : AZL**

# အေတီကိုအသင်းက တိုက်စစ်မှူး ဒိုဘိခ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**မက်ဒရစ် ဇူလိုင် ၂၄**

အေတီကိုအသင်းသည် ဂျီရိုနာအသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဒိုဘိခ်ကိုခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဂျီရိုနာအသင်းက တိုက်စစ်မှူး ဒိုဘိခ်အတွက် ပြောင်းရွှေ့ကြေးယူရို သန်း ၄၀ အလိုရှိသော်လည်း အေတီကိုအသင်း တာဝန်ရှိသူများက အနည်းငယ်လျှော့ချပေးရန် နှစ်ဖက်အသင်း တာဝန်ရှိသူများ ညှိနှိုင်းမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ် လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး ဒိုဘိခ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျီရိုနာအသင်းတိုက်စစ်ကို ဦးဆောင်၍ အသင်းအတွက် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၂၄ ဂိုးထိသွင်းယူ၍ အသင်းအား ချန်ပီယံလိဂ် ကစားခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် အပြင် ၎င်းအနေဖြင့်လည်း လာလီဂါ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

အေတီကိုအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အသင်းတိုက်စစ်ပိုင်းမှ မိုရာတာကို အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် လာလီဂါ အတွေ့အကြုံကောင်းများရှိသည့် ဒိုဘိခ်ကို မိုရာတာ၏နေရာတွင် အစားထိုးရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

လက်ရှိ အပြောင်းအရွှေ့တွင် အေတီကိုအသင်းသည် ကစားသမားဖြည့်တင်းရန်အတွက် မန်စီးတီးတိုက်စစ်မှူး အယ်ဗာရက်ဇ်၊ ချဲလ်ဆီးကွင်းလယ် ကစားသမား ဂယ်လာဟာ၊ ဆိုစီဒက်ခံစစ်ကစားသမား လီနော်မန်းနှင့် ကွင်းလယ်ကစားသမား မာရင်နိုတို့ကို ခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**



# အစ်မာလီယာဆားကိုခေါ်ယူရန် ပဲလေ့စ်အသင်းနှင့် မာဆေးအသင်းတို့ သဘောတူညီမှုရရှိ



**လန်ဒန် ဇူလိုင် ၂၄**

ပဲလေ့စ်အသင်းသည် မာဆေးအသင်း ကွင်းလယ်ကစားသမား အစ်မာလီယာဆားကို ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် ပဲလေ့စ်အသင်းက အသက် ၂၆ နှစ်ရှိ အစ်မာလီယာဆားကို ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့်ခေါ်ယူရန် မာဆေးအသင်းနှင့် ကနဦးသဘောတူညီမှုရရှိခဲ့ပြီး လေးနှစ်စာချုပ် ချုပ်ဆိုရန် စီစဉ်ထားကြောင်း သိရသည်။

မာဆေးအသင်းသည် စပါးအသင်းမှ ကွင်းလယ်ကစားသမား ဟော့ဂျက်ကို ခေါ်ယူခဲ့ပြီးနောက် အစ်မာလီယာဆား ဝတ်ဆင်သည့် ကျောနံပါတ် ၂၃ ကို လာမည့်ရာသီတွင် ဟော့ဂျက်ဝတ်ဆင်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သောကြောင့် အစ်မာလီယာဆားနှင့် ပဲလေ့စ်အသင်းတို့၏ အပြောင်းအရွှေ့မှာ ရက်ပိုင်းအတွင်း ပြီးမြောက်ဖွယ်ရှိသည်။

ပဲလေ့စ်အသင်းသည် အစ်မာလီယာဆားကို ပြင်သစ်ကလပ် ရင်းနက်အသင်းတွင် ကစားခဲ့စဉ်ကတည်းက စိတ်ဝင်စားနေခဲ့ပြီး ၎င်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဝက်ဖို့ဒ်အသင်းသို့ လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် မာဆေးအသင်းသို့လည်းကောင်း ပြောင်းရွှေ့ကစားခဲ့ကာ မာဆေးအသင်းတွင် ပွဲဦးထွက် ဘောလုံးရာသီ၌ ပြိုင်ပွဲစုံ ၃၅ ပွဲတွင် သွင်းဂိုးငါးဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သော်လည်း နည်းပြ ဒီဇာဘီက ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပဲလေ့စ်အသင်းသည် တောင်ပံတိုက်စစ်ပိုင်းမှ အိုလီဆီကို ဘိုင်ယန်မြူးနစ်အသင်းသို့ ရောင်းချခဲ့သဖြင့် တိုက်စစ်ပိုင်း လိုက်ပါကစားနိုင်သည့် အစ်မာလီယာဆားကို အိုလီဆီ၏နေရာတွင် အစားထိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# ခံစစ်ကစားသမား ထရစ်ပီယာ နယူးကာဆယ်အသင်းမှ ထွက်ခွာရန်ပြင်ဆင်

**လန်ဒန် ဇူလိုင် ၂၄**

နယူးကာဆယ်အသင်း ခံစစ်ကစားသမား ထရစ်ပီယာသည် အသင်းက စာချုပ်သစ်ကမ်းလှမ်းမှု မပြုလုပ်တော့သဖြင့် လက်ရှိအပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေကြောင်း သိရသည်။

ထရစ်ပီယာသည် အသင်းနှင့် စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိလာသဖြင့် စာချုပ်သက်တမ်းတိုးရန် မျှော်လင့်ထားသော်လည်း အသင်းအနေဖြင့် သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ ၎င်းကို ရောင်းချရန်ဆုံးဖြတ်ထားသောကြောင့် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ထရစ်ပီယာကို ဆော်ဒီပရီလိဂ် ကလပ်အသင်းများကခေါ်ယူရန် စိတ်ဝင်စားနေပြီး နယူးကာဆယ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသဖြင့် သင့်တော်သည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချသွားမည်ဖြစ်သည်။



အသက် ၃၃ နှစ်ရှိ ထရစ်ပီယာသည် နယူးကာဆယ်အသင်း ညာတောင်ပံခံစစ်ပိုင်းတွင် ဦးစားပေးကစားသမားအဖြစ် ကစားနေရသူဖြစ်ပြီး ၎င်းနောက်တွင် အသက် ၂၁ နှစ်ရှိ လူငယ်ကစားသမား လီဗရာမန်တိုက ပါဝင်နေရသော်လည်း ထရစ်ပီယာသည် အသက်အရွယ်အရ ဒဏ်ရာမကြာခဏရရှိနေသဖြင့် အသင်းတာဝန်ရှိသူများက ၎င်းကို လက်လွှတ်၍ လီဗရာမန်တိုကို ပွဲထွက်ခွင့်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထရစ်ပီယာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၄ ယူရိုပြိုင်ပွဲတွင် အင်္ဂလန်အသင်းတွင် ပါဝင်ခွင့်ရခဲ့ပြီး အသင်းကို ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပို့ဆောင်နိုင်ခဲ့ပြီးနောက် ယခုအခါ နယူးကာဆယ်အသင်းနှင့် ရာသီအကြိုခြေစမ်းပွဲများ ကစားရန် ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက ဂိုးသမား အီဒါဆန်၏နေရာတွင် အစားထိုးနိုင်ရန် ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။
- တိုက်စစ်မှူး ချီအဒမ်ကို တိုရီနိုအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ၍ ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။
- ရာသီအကြိုခြေစမ်းပွဲအဖြစ် အမေရိကန်တွင်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ဆဲလ်တစ်အသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းက လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။
- ဒေါ့မွန်အသင်းက မန်စီးတီးခံစစ်ကစားသမား ယန်ကော်တိုကိုခေါ်ယူရန် စတာလင်ပေါင် ၂၅ သန်းဖြင့်ကမ်းလှမ်းခဲ့ရာ မန်စီးတီးအသင်းက လက်ခံခဲ့ပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- ဘရာဇီးကလပ် ကိုရင်သီယန်အသင်းက ဘာစီလိုနာကစားသမား ဗစ်တာရိုကီွကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

**ML**

# အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲဒုတိယအကျော့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ကာဆူကာအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၂၄**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက် ရှိသည့် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ် အဖြစ် ယနေ့ည ၆ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် ကာဆူကာအသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက် အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် လေးမိနစ်တွင် ပင်နယ်တီမှတစ်ဆင့် **Rintaro** က ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၄၃ မိနစ်တွင်လည်း **Rintaro** က ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက် အသင်းက ဆက်လက်ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၆၇ မိနစ်တွင် ကောင်းမြတ်သူက တတိယ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ကစားအားချ၍ ပွဲကို ထိန်းချုပ်ကစားလာသည့် အချိန်တွင် ကာဆူကာအသင်း ပြန်လည် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် မိနစ် ၈၀ တွင် ပင်နယ်တီမှတစ်ဆင့် ဝီလီယံက ချေပဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဘရူနိုင်းနိုင်ငံတွင် ကာဆူကာအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ရှမ်းယူနိုက်တက်အသင်းက နှစ်ကျော့ပေါင်း လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# အိုလံပစ်အားကစားပွဲတော်၌ အယ်ကာရက်ဇ်နှင့် တွဲဖက်ယှဉ်ပြိုင်မည်ဟု ရာဖေးလ်နာဒယ်ပြောကြား

**ပဲရစ် ဇူလိုင် ၂၄**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပမည့် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် တင်းနစ် အားကစားပြိုင်ပွဲ၌ စပိန်တင်းနစ် ကစားသမားများ ဖြစ်ကြသည့် အယ်ကာရက်ဇ်နှင့် ရာဖေးလ်နာဒယ်တို့သည် နှစ်ယောက်တွဲပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အယ်ကာရက်ဇ်နှင့် တွဲဖက်ကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ရာဖေးလ်နာဒယ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်သည် အိုလံပစ်အတွက် ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ဆွီဒင်နိုင်ငံတွင် ကျင်းပခဲ့သော **Swedish Open** တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သကဲ့သို့ နှစ်ယောက်တွဲပွဲစဉ်တွင်လည်း ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်ခဲ့ပြီး အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ပြီးနောက် အိုလံပစ်အားကစားပွဲတော်တွင် အယ်ကာရက်ဇ်နှင့်အတူ နှစ်ယောက်တွဲပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ရာဖေးလ်နာဒယ်က"အိုလံပစ်အားကစားပွဲတော် အတွက် လေ့ကျင့်ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒါပေမဲ့ လေ့ကျင့်မှုအစီအစဉ်မှာ လက်ချောင်းဒဏ်ရာ ရရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ဆရာဝန်ကတော့ လိုအပ်တဲ့ကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ အရမ်းဆိုးရွားတဲ့ ဒဏ်ရာမဟုတ်ပေမဲ့ အနားယူဖို့ လိုအပ်နေတယ်။ ဒါကြောင့် လေ့ကျင့်ပြင်ဆင်မှုတွေကို ခေတ္တရပ်နားထားတယ်။ အကြာကြီးတော့ နားလို့မရဘူး။ အိုလံပစ်အားကစား ပွဲတော်က စတင်တော့မှာ ဖြစ်တဲ့အတွက် ဒဏ်ရာ ပြန်သက်သာသွားတာနဲ့ လေ့ကျင့်မှုကို ချက်ချင်းပြန်စသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁)တွင် University အသင်းနှင့် Glory Goal အသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ University အသင်းနှင့် Glory Goal အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ် အားကစားကွင်းတွင် University အသင်းနှင့် ဆေးဗားလ်စတားအသင်းတို့ ကစားခဲ့ရာ University အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် အောင်မြင့်မြတ်နှင့် ပွဲချိန် ၇၇ မိနစ်တွင် သန်းမြတ်စိုးတို့က သွင်းယူပေးခဲ့ပြီး ဆေးဗားလ်စတား အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၇၀ တွင် သက်ဝင်းထွန်းက သွင်းယူပေးခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်းတွင် Glory Goal အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင်လည်း Glory Goal အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Glory Goal အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၄၃ မိနစ်တွင် သူရမင်းနိုင်က သွင်းယူပေးနိုင်ခဲ့ပြီး ရွှေပြည်သာယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် စောဖွေးက သွင်းယူပေးနိုင်ခဲ့သည်။

**STA**

# Women Futsal Cup Mandalay 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် **Women Futsal Cup Mandalay 2024** ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းအတွင်းရှိ **Multi Purpose Stadium** တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**Women Futsal Cup Mandalay 2024** ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီက **Icon United** အသင်းနှင့် **Sparrow** အသင်းတို့ကစားခဲ့ရာ **Sparrow** အသင်းက ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် **ISPE(A)** အသင်းနှင့် **ISPE(B)** အသင်းတို့ ကစားခဲ့ရာ **ISPE(A)** အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**Women Futsal Cup Mandalay 2024** ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် နံနက် ၉ နာရီတွင် **ISPE(B)** အသင်းနှင့် **Shwe Mann Thu** အသင်း၊ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် **ISPE(A)** အသင်းနှင့် **Icon United** အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဩစတြေးလျအသင်းကိုရှုံးနိမ့်ခဲ့သဖြင့် မြန်မာအသင်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရ

**ရန်ကုန် ဇူလိုင် ၂၄**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(**B**) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက မြန်မာ ယူ-၁၉ အသင်းနှင့် ဩစတြေးလျ ယူ-၁၉ အသင်းတို့ ကစားခဲ့ရာ မြန်မာ ယူ-၁၉ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ ယူ-၁၉ အသင်းက မဖြစ်မနေ အနိုင်ရရှိမှသာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည့်အတွက် အဓိက ကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ဩစတြေးလျ ယူ-၁၉ အသင်းကို အကောင်းဆုံး တုံ့ပြန် ကစားခဲ့သော်လည်း ခြေစွမ်းပိုင်းအရ ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ဘဲ ပထမပိုင်းသွင်းဂိုးဖြင့် ဩစတြေးလျ ယူ-၁၉ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာတွင် အုပ်စုပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းနှင့် တစ်ဂိုးစီ သရေရလဒ်၊ အုပ်စုဒုတိယပွဲစဉ်တွင် လာအိုအသင်းနှင့် ပွဲစဉ်တွင်လည်း တစ်ဂိုးစီ သရေရလဒ်နှင့် နောက်ဆုံးပွဲစဉ်တွင် ဩစတြေးလျ ယူ-၁၉ အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ရမှတ်နှစ်မှတ်ဖြင့် အုပ်စုအဆင့်မှထွက်ခွာခဲ့ရသည်။

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(**B**)တွင် အုပ်စုပွဲစဉ်များအပြီး၌ ဩစတြေးလျ ယူ-၁၉ အသင်းက ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ် ယူ-၁၉ အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယ၊ မြန်မာ ယူ-၁၉ အသင်းက ရမှတ် နှစ်မှတ်ဖြင့် အုပ်စုတတိယနှင့် လာအို ယူ-၁၉ အသင်းက ရမှတ်တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

**STA**

# ဝါဆိုလပြည့်ကျော် ၅ ရက် အနတ္တလက္ခဏအခါတော်နေ့

ဗာရာဏသီမြို့အနီး ဣသိပတနမည်သော မိဂဒါဝုန်တောဝယ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့၌ ပဥ္စဝဂ္ဂီရဟန်းတို့အား မြတ်စွာဘုရားသည် ဓမ္မစကြာဒေသနာကို ဟောတော်မူသည်။ ပဥ္စဝဂ္ဂီငါးဦးအနက် ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍည၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် အရှင် ဘဒ္ဒိယ၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် အရှင်မဟာနာမ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် အရှင်အဿဇိ တို့ နေ့ရက်အစဉ်၊ ထေရ်အစဉ်ဖြင့် သောတာပန်များ ဖြစ်ကုန်သည်။ ဘုရားရှင်သည် ဝါဆိုလပြည့်ကျော် ၅ရက်တွင် အနတ္တလက္ခဏတရားဒေသနာကို ဟောကြားတော်မူသည်တွင် ပဥ္စဝဂ္ဂီရဟန်းများ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြ၏။ ထို့ကြောင့် ဝါဆိုလပြည့်ကျော် ၅ ရက်ကို ဗုဒ္ဓဘာသာဝင်သူတော်စင်များက အနတ္တလက္ခဏအခါတော်နေ့အဖြစ် ကုသိုလ်ယူကြသကဲ့သို့ 'ရဟန္တာများနေ့'ဟု သတ်မှတ်ပြီး အထွတ်အမြတ်ထား ပူဇော်ကြလေသည်။

"ရုပ်ကားခေတ်မျှ အနတ္တတည်း၊ သတ္တစနစ် အတ္တဖြစ်လျှင်၊ အစဉ်ဖြစ်ပျက်၊ နှိပ်စက်ဖို့သာ၊ မဖြစ်ရာတည်း။ ငါ၏ရုပ်မှာ၊ ဤပုံသာလျှင်၊ ဖြစ်ပါစေသား။ ဤပုံအားဖြင့် ဆိုးဝါးယွင်းယို၊ မဖြစ်လိုဟု၊ ဆိုတတိုင်းသာ၊ဖြစ်ခဲ့ရာ၏။ ခုမှာသက်သက်၊ အပျက်ပျက်ဖြင့်၊ နှိပ်စက်ခြင်းငှာ၊ ဖြစ်ခဲ့ပါ၏။ လိုရာရုပ်ကောင်း၊ သူပန်တောင်းလည်း၊ တောင်းတိုင်းမရ၊ အဆိုးရခဲ့၊ တွက်ဆသေချာ၊ ဤခြင်းရာကြောင့်၊ ရုပ်မှာအတ္တ၊ ရှာမရဘဲ၊ အနတ္တစစ်၊ တကယ်ဖြစ်ဟု၊ ရှင်ချစ်ဒေသနာ၊ အဟောလာ၏။"

မြတ်စွာဘုရားက ဤသို့လျှင် စကားဦးတင် တရားဆင်၍ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ ပဥ္စဝဂ္ဂီရဟန်းတို့၏ အရဟတ္တဖိုလ်အကျိုးငှာ အနတ္တလက္ခဏသုတ်တရားတော်ကို ဟောကြားတော်မူသည်။

"ပဥ္စဝဂ္ဂီရဟန်းတို့ ရုပ်သည်အတ္တမဟုတ်။ ရုပ်သည်အတ္တဖြစ်ခဲ့ငြားအံ့။ ဤရုပ်သည် နာကျင်ခြင်းငှာမဖြစ်ရာ။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့် ဟု ရုပ်၌ တောင့်တမှုလိုရ ကောင်းရာ၏။ ပဥ္စဝဂ္ဂီရဟန်းတို့ ရုပ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာ ဖြစ်နေရ၏။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့်ဟု ရုပ်၌ တောင့်တမှုကိုရလည်းမရ။"

"ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြခေါ ဘဂဝါ ပဥ္စဝဂ္ဂိယေ ဘိက္ခူအာမန္တေသိ ဘိက္ခဝေါတိ" အစချီ အနတ္တလက္ခဏသုတ်နိဒါန်းပြီးနောက် ရူပက္ခန္ဓာအနတ္တဖြစ်ပုံတွင် အထက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားထားပါသည်။

'ဝေဒနက္ခန္ဓာ အနတ္တဖြစ်ပုံတွင် ခံစားမှုဝေဒနာသည် အတ္တမဟုတ်၊ အတ္တဖြစ်ခဲ့ငြားအံ့။ ဤခံစားမှုဝေဒနာသည် နာကျင်ခြင်းငှာ မဖြစ်ရာ။ ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟု ဝေဒနာ၌ တောင့်တမှုကို ရကောင်းရာ၏။ ခံစားမှုဝေဒနာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာဖြစ်နေရ၏။ ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့် ဟု ရုပ်၌ တောင့်တမှုကိုရလည်းမရ။'ဟု ဟောကြားတော်မူပြီးနောက် ဘုရားရှင်သည် သညက္ခန္ဓာအနတ္တဖြစ်ပုံကို အလားတူဟောကြားတော်မူပြန်သည်။

သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံတွင် "သင်္ခါရာအနတ္တာ၊ သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာအဘဝိဿံဥ၊ နယိမေ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ-ပြုလုပ်အားထုတ်မှုသင်္ခါရတို့သည် အတ္တမဟုတ်၊ ပြုလုပ်အားထုတ်မှု သင်္ခါရတို့သည် အတ္တဖြစ်ခဲ့ကုန်ငြားအံ့။ ဤပြုလုပ်အားထုတ်မှုသင်္ခါရတို့သည် နာကျင်ခြင်းငှာမဖြစ်ကုန်ရာ"စသည်ဖြင့် သင်္ခါရတို့၌ တောင့်တမှုကို မရနိုင်ပုံအား ဟောကြားညွှန်ပြပါသည်။

အလားတူ ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံကိုလည်း ဟောကြားလမ်းညွှန်ခဲ့ပါသည်။ အနတ္တဟူသော ပါဠိစကားကို ဆရာဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်တွင် ငါမဟုတ်ဟုဖွင့်ဆိုသည်။ (ဝါ၊ အနတ္တ၊ အန-အတ္တ၊ အန(န)မဟုတ်။ အတ္တ-ငါဟုခေါ်သော အနှစ်သာရ ) 'အနတ္တဟူသောသဘော၌ အတ္တသဒ္ဒါသည် ဤကိုယ်ကိုမဟော။ မိစ္ဆာဒိဋ္ဌိတို့အယူ အတ္တကိုသာဟောသောကြောင့် ဘဝတစ်ခုမှသည် ဘဝတစ်ခုသို့ ကူးပြောင်း၍ပါတတ်သည်ဟု ပုထုဇဉ်တို့ ထင်မှတ်သော အသက်ဇီဝမရှိဟူသော မြတ်စွာဘုရားအလိုတော် စသည်ဖြင့် ဝိမုတ္တိရသကျမ်း၌ ဖော်ပြထားသည်။ ဦးပုညဝတ္ထုပေါင်းချုပ်၌ 'အနတ္တကို အတ္တဟု အထင်ရောက်သောကြောင့်'ဟု ပါရှိရာ လူအများ၏အတ္တနှင့် အနတ္တ မကွဲပြားပုံကို သိရှိနိုင်ပါသည်။

မမြဲခြင်းအနိစ္စသဘောနှင့် ဆင်းရဲခြင်းဒုက္ခကို သတ္တဝါများ သိလွယ်မြင်လွယ်ကြသော်လည်း အနတ္တသဘောကား အသိခက်ခဲ၏။ အနတ္တဟူသော ဓာတ်သဘောကို သာသနာတွင်း သာသနာပ နှစ်ဌာနတို့၌ သဘာဝအားဖြင့် တည်ရှိနေသောဓာတ်သဘောအဖြစ် မှတ်သားနိုင်သည်။ သာသနာပအခါတွင် ထုတ်ဖော်ပြောကြားနိုင်သည့်ပုဂ္ဂိုလ်မရှိ၍ အနတ္တသဘောကို သတ္တဝါများ သိခွင့်မရကြပေ။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည့်အခါတွင်မှသာ တိတိကျကျ ထုတ်ဖော်ဟောကြားနိုင်သည့်အတွက် အနတ္တသဘောကို သိခွင့်ရခြင်းဖြစ်ပေသည်။

အနတ္တလက္ခဏသုတ်ကို သုံးသပ်သော် အပိုင်းငါးပိုင်းဖြင့် ဖွဲ့စည်းထားကြောင်း ပညာရှင်များဆိုမိန့်ပါသည်။ ဗုဒ္ဓဘာသာဝင်များ ရွတ်ဆိုနေသော အနတ္တလက္ခဏသုတ်ပါဠိတော်တွင် အနတ္တလက္ခဏသုတ်အမွန်းနှင့်သုတ်နိဒါန်းပြီးသော် အနတ္တဖြစ်ကြောင်းလက်တွေ့ပြပုံပါဠိတော်ကို ရွတ်ဆိုရပါသည်။ ဖော်ပြခဲ့သော ခန္ဓာငါးပါးအနတ္တဖြစ်ပုံအပိုင်းသည် အပိုင်း(၁)ဖြစ်သည်။ ဆောင်းပါးတွင် ကနဦးဖော်ပြထားသည့် ခန္ဓာငါးပါး အနတ္တဖြစ်ပုံအပိုင်းကို ဆိုလိုပါသည်။

ဒုတိယပိုင်းမှာ အနိစ္စဒုက္ခဖြင့် အနတ္တတင်ပုံဖြစ်သည်။ ဤအပိုင်းတွင် ရူပက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး၊ ဝေဒနက္ခန္ဓာလေးပါး၌ လက္ခဏာရေးသုံးပါး၊ သညက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး၊ သင်္ခါရက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး၊ ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေးသုံးပါးတို့ ပါဝင်သည်။ ခန္ဓာငါးပါးတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံ ဆင်ခြင်မိစေသော အပိုင်းဖြစ်သည်။

တတိယပိုင်းသည် ရုပ်တရားကို တဏှာ၊ မာန ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ၊ ဝေဒနာတရားကို တဏှာ၊ မာန၊ ဒိဋ္ဌိဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ၊ သညာတရားကို တဏှာ၊ မာန၊ ဒိဋ္ဌိဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ၊ သင်္ခါရတရားကို တဏှာ၊ မာန၊ ဒိဋ္ဌိ ဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ၊ ဝိညာဉ်တရားကို တဏှာ၊ မာန၊ ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံတို့ကို ဟောကြားထားခြင်းဖြစ်သည်။ ဤအပိုင်းသည် ခန္ဓာငါးပါးကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အလိုသို့မလိုက် ဟူ၍ ဟုတ်တိုင်းမှန်စွာ ကောင်းမြတ်သော ဝိပဿနာပညာ မဂ်ပညာဖြင့် သိရှိအပ်ကြောင်း လမ်းညွှန်ဟောကြားထားခြင်းဖြစ်သည်။

ထင်ရှားအောင် သာကေဆောင်ရသော် ဝိညာဉ်တရားကို တဏှာ၊ မာနဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း၊ အပြင်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အဝေး၊ အနီးဖြစ်သော အလုံးစုံသောရုပ်ကို ဤဝိညာဉ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ ဤဝိညာဉ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်သောပညာဖြင့် ရှုရမည်ဟု ဟောကြားတော်မူခြင်းဖြစ်သည်။

ဆက်လက်၍ မြတ်စွာဘုရားဟောကြားသည်မှာ နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စတစ်ဆယ့်ခြောက်ချက်ဖြစ်ပုံဖြစ်သည်။ "ပဥ္စဝဂ္ဂီရဟန်းတို့ ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်းငြီးငွေ့၏။ ဝေဒနာ၌လည်းငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဉ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် စွဲမက်မှုကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှလွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏။ ပဋိသန္ဓေနေမှုကုန်လေပြီ။ အကျင့်မြတ်ကို ကျင့်သုံးပြီးလေပြီ။ ပြုဖွယ်ကိစ္စကိုပြုပြီးပေပြီ။ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသောပြုဖွယ်မရှိတော့ပြီဟုသိ၏"ဟု မြတ်စွာဘုရားဟောတော်မူသည့်အကြောင်းသည် စတုတ္ထပိုင်းဖြစ်သည်။ တစ်ဆင့်ထက်တစ်ဆင့် လေးလေးနက်နက် တွေးတောဆင်ခြင်လိုက်နာရမည့် အပိုင်းများဖြစ်ပေသည်။

အနတ္တလက္ခဏသုတ်၏ နိဂုံးကမ္ပတ်အဆုံးသတ်ဖြစ်သော 'ဣဒမဝေါစ ဘဂဝါ အတ္တမနာ ပဥ္စဝဂ္ဂိယာ' အစချီပါဠိတော်သည် ပဥ္စဝဂ္ဂီရဟန်းတို့ မြတ်စွာဘုရားမိန့်တော်မူသော တရားစကားကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာခံယူကြပုံကို ပြဆိုထားသည်။ ပဥ္စဝဂ္ဂီရဟန်းတို့၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားလေးပါးတို့မှ လွတ်မြောက်ကုန်၏ဟုပြဆိုထားသော ပဥ္စဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံကဏ္ဍသည် ပဥ္စမအပိုင်းဖြစ်၏။ ဤအပိုင်းသည် အနတ္တလက္ခဏသုတ်၏ ပန်းတိုင်ရသလည်းမည်ပေသည်။

ရုပ်ကားခေတ်မျှ အနတ္တလည်း အစချီသော မြတ်စွာဘုရား၏ အနတ္တလက္ခဏသုတ်စကားဦးမှစကာ ဝေဒနာ သညာ သင်္ခါရ၊ ဝိညာဉ်တရား ဤလေးပါးသည် အလားတူစွာ၊ မကွာနှိပ်စက်၊ ပျက်စီးတတ်စွာ၊ လိုရာတသတ မရ၍ အနတ္တသာဖြစ်ခဲ့ပါဟု ဟောကြားသော အနတ္တသဘောမှာ သေချာစေ့ငု မှတ်သားဖွယ်ကောင်းလှပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို စောကြောကေန် အမှန်ကိုသုံးသပ်ပါက ခန္ဓာငါးပါးကား ငါမဟုတ်ပါတကား။ ငါ့ဥစ္စာဟူ၍ မရှိပါတကား။ ငါဟူသောအတ္တသည် ရှာမရပါတကားဟု ဉာဏ်အမြင်တွင် ထင်လင်းလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အနတ္တသဘောကို ပြက်ပြက်ထင်ထင် ရှုမြင်သူတို့သည် ပဥ္စဝဂ္ဂီရဟန်းတို့ အရဟတ္တဖိုလ်ဆိုက်ရောက်ပုံကို နှလုံးသွင်း၍ အနတ္တလက္ခဏသုတ်ကို နေ့နေ့ညည ရိုသေစွာ ရွတ်ဖတ်သရဇ္ဈာယ်၍ ခန္ဓာငါးပါး၏မမြဲသော၊ ဆင်းရဲသော၊ အစိုးမရသော သဘောလက္ခဏာကို ရှုဆင်ခြင်လျက် တစ်ဆင့်ထက်တစ်ဆင့် မြင့်သောတရားထူးများဖြင့် အရဟတ္တဖိုလ်ပေါက်အောင် အားထုတ်နိုင်ပါစေကြောင်း ရေးသားအပ်ပါသည်။

❖ ပဥ္စဝဂ္ဂီ ငါးဦးအနက် ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍည၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် အရှင်မဟာနာမ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် အရှင်အဿဇိတို့ နေ့ရက်အစဉ်၊ ထေရ်အစဉ်ဖြင့် သောတာပန်များဖြစ်ကုန်သည်။ ဘုရားရှင်သည် ဝါဆိုလပြည့်ကျော် ၅ ရက်တွင် အနတ္တလက္ခဏတရားဒေသနာကို ဟောကြားတော်မူသည်တွင် ပဥ္စဝဂ္ဂီရဟန်းများ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြ၏။ ထို့ကြောင့် ဝါဆိုလပြည့်ကျော် ၅ ရက်ကို ဗုဒ္ဓဘာသာဝင်သူတော်စင်များက အနတ္တလက္ခဏအခါတော်နေ့အဖြစ် ကုသိုလ်ယူကြသကဲ့သို့ 'ရဟန္တာများနေ့'ဟုသတ်မှတ်ပြီး အထွတ်အမြတ်ထား ပူဇော်ကြလေသည်။ ❖

**ခိုင်(မိတ္ထီလာ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သရုပ်ဆောင် ဝါဝါဝင်းရွှေက ခင်ပွန်းဖြစ်သူ ကွယ်လွန်ခြင်း ငါးနှစ်ပြည့်အလှူအဖြစ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ငွေကျပ် ငါးသိန်း လှူဒါန်း



**ရန်ကုန် ဇူလိုင် ၂၄**

ဝါရင့်သရုပ်ဆောင် အကယ်ဒမီဆုများရှင် ဝါဝါဝင်းရွှေက ခင်ပွန်းဖြစ်သူ ဒါရိုက်တာ အောဝမ်းသန်းထွန်း ကွယ်လွန်ခြင်း ငါးနှစ်ပြည့် အလှူအဖြစ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ငွေကျပ်ငါးသိန်းကို ဇူလိုင် ၂၃ ရက်က လာရောက် လှူဒါန်းခဲ့ကြောင်း အဆိုပါအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ အလှူငွေကျပ် ငါးသိန်းကို ရောဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်နေရာများတွင် သုံးစွဲရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက သက်ဆိုင်ရာသို့ ထပ်ဆင့်လှူဒါန်း ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မင်းသမီးကြီး ဝါဝါဝင်းရွှေက ခင်ပွန်းဖြစ်သူ ဒါရိုက်တာ အောဝမ်းသန်းထွန်း ကွယ်လွန်ခြင်း ငါးနှစ်ပြည့် အလှူအနေနဲ့ လာရောက်လှူဒါန်းထားတာ ရှိပါတယ်။ သူကိုယ်တိုင်ကလဲ သူ့ခင်ပွန်းဇာတိဖြစ်တဲ့ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်က ရေဘေးသင့်ပြည်သူတွေကို ထပ်ဆင့်လှူဒါန်းပေးဖို့အတွက် လာရောက်လှူဒါန်းတာပါ။ ဒါကြောင့် ဟင်္သာတမြို့က ရေဘေးသင့် ပြည်သူတွေကို လှူဒါန်းပေးသွားမှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နေသည့် နေရာများတွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင် အလှူရှင်များနှင့်လက်တွဲကာ သက်ဆိုင်ရာဌာနများသို့ ငွေကြေးနှင့် စားသောက်ကုန်များကို လှူဒါန်းပံ့ပိုး လျက်ရှိကြောင်း သိရသည်။

ASH

# Pressure စစ်ပွဲနောက်ခံဇာတ်ကား၌ မင်းသား ဘရိုင်ယန်ဖရေဆာ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၂၄**

Pressure အမည်ရှိ ဒုတိယကမ္ဘာစစ် ဒီဒေးကမ်းတက်တိုက်ပွဲနောက်ခံ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဘရိုင်ယန်ဖရေဆာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

Pressure ဇာတ်ကားတွင် မင်းသား ဘရိုင်ယန်ဖရေဆာသည် အမေရိကန်ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Pressure ဇာတ်ကားသည် ကမ္ဘာ့စစ် သမိုင်းတစ်လျှောက်၌ အကျိုးဆက် အကြီးမားဆုံးသော မိုးလေဝသ ခန့်မှန်းချက်တစ်ရပ်အတွက် အသေးစိတ်ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။


Pressure ဇာတ်ကားတွင် မင်းသား ဘရိုင်ယန်ဖရေဆာသည် မင်းသား အင်ဒရူးစကော့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Pressure ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်ဆောင်းရာသီအတွင်း ဗြိတိန်နိုင်ငံ၌ စတင်မည်ဖြစ်သည်။

Pressure ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီမာရက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးရေး တေးဆို ပူစူး၏ မိုးထက်မြင့်မယ့်ဘဝ တေးအယ်လ်ဘမ် မိတ်ဆက်ပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၄**

တေးရေး တေးဆို ပူစူး၏ စတုတ္ထမြောက် တေးအယ်လ်ဘမ်ဖြစ်သည့် မိုးထက်မြင့်မယ့်ဘဝ အမည်ရှိ တေးအယ်လ်ဘမ် မိတ်ဆက်ပွဲကို ဇူလိုင် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ CBN Studio တွင် ပြုလုပ်ခဲ့ကြောင်း တေးရေး တေးဆို ပူးစူးက ပြောပြ၍ သိရသည်။

အဆိုပါ မိုးထက်မြင့်မယ့်ဘဝ အမည်ရှိ တေးအယ်လ်ဘမ်တွင် တေးသီချင်း ခုနစ်ပုဒ်ပါဝင်မည်ဖြစ်ပြီး တေးသံရှင် ပူစူး ကိုယ်တိုင်ရေးသားထားသည့် သီချင်းသစ်များဖြစ်ကာ လာမည့် ဩဂုတ် ၇ ရက်တွင် UG Entertainment က ဖြန့်ချိပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"ကျွန်တော့်ရဲ့ မိုးထက်မြင့်မယ့်ဘဝသီချင်းခွေ မိတ်ဆက်တာပါ။ Title အနေနဲ့ ပေးလို့ကောင်းမယ် ထင်လို့ ဒီခေါင်းစဉ်လေး ရွေးချယ်ဖြစ်လိုက်တာပါ။ ကျွန်တော့်အနေနဲ့ သီချင်းတွေ ရွေးနေတာကြောင့် ခုမှ သီချင်းသစ်တွေ ပြန်ထွက်လာတာပါ။ သီချင်းသစ် ခုနစ်ပုဒ်လုံးက ကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေဖြစ်ပါတယ်။ ကျွန်တော်ဆိုနေကျ ပုံစံအပြင် ရော့ခ်ကိုလဲ ဆိုထားပါတယ်။ မယ်သီတာ တေးသီချင်းတစ်ပုဒ်ကိုတော့ ဒသဂီရိဘက်ကနေ ရော့ခ်ပုံစံသီဆိုထားတာဖြစ်ပါတယ်" ဟု တေးရေး တေးဆို ပူးစူးက ပြောပြသည်။

တေးရေး တေးဆို ပူစူးသည် ဝန်ခံပါ၊ တစ်မိုးအောက်၊ မျက်နှာ၊ အဆင်ပြေပါစေ စသည့်တေးသီချင်းများဖြင့် ပရိသတ်အားပေးမှုရရှိထားသည့် တေးသံရှင်တစ်ဦးဖြစ်ကြောင်း သိရသည်။

ASH

# Die, My Love ဇာတ်ကားတွင် ပါဝင်ရန် ရောဘတ်ပက်တင်ဆန် ထုတ်လုပ်သူများနှင့်ဆွေးနွေးနေ

**နယူးယောက် ဇူလိုင် ၂၄**

Die, My Love အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန် မင်းသား ရောဘတ်ပက်တင်ဆန်က ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

သဘောတူညီချက် ရရှိပါက ရောဘတ်ပက်တင်ဆန် အနေဖြင့် Die, My Love ဇာတ်ကား၌ မင်းသမီး ဂျင်နီဖာလောရင့်နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ကျေးလက်ဒေသတစ်ခုမှ အမျိုးသမီးတစ်ဦး ရင်ဆိုင်နေရသည့် စိတ္တဇပြဿနာများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အပြီးသတ်သဘောတူညီချက် ရရှိချိန်တွင် Die, My Love ဇာတ်ကား၌ ရောဘတ်ပက်တင်ဆန် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Die, My Love ဇာတ်ကားကို ဒါရိုက်တာ လင်းရမ်ဆေးက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အင်ဒါဝဲလ်နှင့်အတူ တွဲဖက်ရေးသားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးဦးညွန့်ဇော်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ငွေကျပ် ၄၆ ဒသမ ၆ သန်း ထုတ်ချေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

**ကိုသက်**

# Soldiers of Tatmadaw (Army, Navy and Air) and children of in-service Tatmadaw members, war veterans, substitute civilian service persons who passed the matriculation examination for academic year 2023-2024 with flying colours and qualified for outstanding students honoured


Senior General Min Aung Hlaing and wife greet outstanding students.

**Nay Pyi Taw July 24**

A ceremony to honour our soldiers of Tatmadaw (Army, Navy and Air) and children of in-service Tatmadaw members, war veterans, substitute civilian service persons who passed the matriculation examination for academic year 2023-2024 with flying colours and qualified for outstanding students was held at Zeyathiri Villa here this afternoon, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, who gave away honorary awards.

Present at the ceremony together with the Senior General were wife, Daw Kyu Kyu Hla, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, SAC member Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air), union level officials and wives, senior military officers from Office of Commander-in-Chief and wives, the chair of Central Executive Committee of Myanmar War Veterans Organization and members, the Nay Pyi Taw Command commander, administrators and principals, prizewinner soldiers and students of Tatmadaw basic education high schools and Tatmadaw education schools, parents, teachers and invited guests.

In his address, the Senior General said education is the main foundation of national development, and also acts as a motivation for citizens to observe ethics and discipline and to embrace collective action. Emergence of highly educated and qualified human resources supports national development and nation-building undertakings. A country will gain progress only if it's rich in human resources with intellectual and technological knowledge and brilliant thinking power.

SAC has adopted a policy that ensures educational opportunity for all school age children and a compulsory KG+9 program. It has also opened basic education high schools in 84 districts as a portal for students to study mechanical, agricultural and breeding subjects after the completion of KG+9. It also made arrangements in advance for those who have completed studies at the schools to continue advance studies on the said subjects.

Long-term education promotion is the best and most effective and appropriate means to build the country's future. Imbalanced progress between intellectual knowledge and technological knowledge will form weaknesses in the country's political, economic and social sectors, and they are sure to have adverse effects on national unity. All must have the awareness of the education promotion programs for a bright future and should collectively partake in them.

The average pass rate of Tatmadaw member students in the previous year's matriculation examination was 24.58%, while the average pass rate of Tatmadaw basic education high schools was 60.94%. One Tatmadaw member student got distinction in three subjects, five in two subjects and 12 in one subject. At the same time, Tatmadaw basic education high schools generated 17 six-distinction winners, 26 five-distinction winners, 31 four-distinction winners, 38 three-distinction winners, 65 two-distinction winners, and 197 one-distinction winners.

*See Page 13*


Senior General Min Aung Hlaing presents honorary award to the head of a Tatmadaw basic education school.


Senior General Min Aung Hlaing presents prize and certificate to outstanding winner Maung Aung Phone Pyae.


Daw Kyu Kyu Hla presents prize and certificate to six-distinction winner Maung Win Htut Gaung Soe.


Daw Kyu Kyu Hla presents prize and certificate to six-distinction winner Ma San Tawdar Khin.


Vice-Senior General Soe Win presents prize and certificate to six-distinction winner Ma Hay Marn Wint Aung.


Vice-Senior General Soe Win presents honorary award to the head of a Tatmadaw basic education school.

*From Page 12*

When considering the military education schools, the No. (2) Education School had an average pass rate of 66.67%, while among the military basic education high schools, No. (6) Basic Education High School (Sittwe) and No. (2) Basic Education High School (Mingaladon) had an average pass rate of over 95%. This achievement and the numerous honors produced bring immense pride.

In our country, to expand the educational sector, private schools were permitted to open starting from the 2012-2013 academic year. Although private schools emerged, the majority of the public still attended government basic education schools. Children of military personnel, who are also children of government employees, primarily attend government basic schools. The majority of award winners today have successfully excelled in their studies at government basic education schools through their own efforts. Furthermore, annually, the top pass rates in university entrance exams are seen from government basic education high schools, including military schools.

Observing these results shows that opportunities for educational success and excellence depend more on personal effort and encouragement from parents, teachers, and responsible persons rather than financial capability and abundant resources. The government and Tatmadaw are working to enhance the education of Tatmadaw families through collaborative efforts from parents, teachers, students, and responsible persons. Therefore, it is encouraged to uplift every student through their own hard work and close guidance from teachers.

At today's ceremony, there will be awards presented to 69 students who excelled in six subjects, 80 students in five subjects, one soldier in three subjects, seven soldiers in two subjects, thirteen soldiers in one subject, 34 outstanding individuals, and the best-performing military education schools and high schools. Other award-winning students and scholarship recipients will receive their honors at their respective regional military headquarters.

The Tatmadaw, besides these honors, has provided university scholarships from the 2013-2014 academic year to the 2023-2024 academic year to 787 students. Among them, 38 have obtained medical degrees, 35 engineering degrees, and 41 other degrees. Additionally, to gain experience and shape their future, 257 outstanding students have been sent on eight study tours abroad, believing that the experiences gained will benefit national development.

Today, countries around the world, including our own, face various challenges. While developed nations with advanced knowledge and skills can overcome these challenges, less developed nations face numerous difficulties. Therefore, it is essential for everyone to unite and establish a modern and effective education system to ensure comprehensive education for all.

Hence, young attendees are encouraged to strive to become exceptional and reliable individuals who can be relied upon by the nation.

Afterward, Adjutant General Lt-Gen Soe Min Oo explained the achievements of the outstanding soldiers, children of military families, retired military personnel, and civil servants' children who excelled with distinctions in five or more subjects in the 2023-2024 academic year university entrance exams. He also elaborated on the award-winning statuses of students from military education schools, basic education schools, and outstanding individuals.

After that, the awarding ceremony continued and officers' in-charge of school administration from basic education high schools under the Directorate of Public Relations and Psychological Warfare that won the first, second and third places in 2023-2024 university entrance exams were presented with an award and certificate of honor by the Commander-in-Chief of the Defence Services.


Outstanding students being seated at the ceremony.

Furthermore, the Chairman of the State Administration Council, the Commander-in-Chief of the Defence Services presented medals, awards and Certificates of Merit to the 5 winners of the Merit Award and two outstanding students who passed the matriculation exam with 6 distinctions.

After that, the wife of the Commander-in-Chief of the Defence Services Daw Kyu Kyu Hla awarded presented medals, awards and Certificates of Merit to the 5 winners of the Merit Award and five outstanding students who passed the matriculation exam with 6 distinctions.

After that, the Vice-Chairman of the State Administration Council, Deputy Commander-in-Chief of Defence Services, Commander-in-Chief (Army) Vice-Senior General Soe Win, presented award and certificate of honor to the principals of the basic educational schools that won the first, second and third places of best passers from the basic educational schools under the Tatmadaw in the 2023-2024 academic year.

Next, the Commander-in-Chief (Army) presented medals, awards and Certificates of Merit to the 5 winners of the Merit Award and two outstanding students who passed the matriculation exam with 6 distinctions.

Then, the Council member, Chief of General Staff (Army, Navy and Air) General Maung Maung Aye and his wife, Council Secretary Lt. Gen. Aung Lin Dway and his wife, Council Joint Secretary Lieutenant General Ye Win Oo and his wife, Council Member Union Minister for Defence Admiral Tin Aung San's wife, Commander-in-Chief (Navy) Commodore Htein Win and his wife, Commander-in-Chief (Air) General Tun Aung, Lt. Gen. Thet Pone and Lt. Gen. Phone Myat from the Office of the Commander-in-Chief (Army), Lt. Gen. Sein Win (retired) Central Executive Chairman of Myanmar War Veterans' Organization and Adjutant General Lt. Gen. Soe Min Oo presented medals, awards and Certificates of Merit to the winners of the Merit Award, outstanding students and other ranks.

After the awards were presented, a student expressed her gratitude on behalf of the outstanding students and the soldiers. After that, the Commander-in-Chief of the Defence Services and the members took documentary photographs with the outstanding students and the soldiers.

After that, the Commander-in-Chief of the Defence Services and his wife presented the attendees, prize-winning soldiers, students, parents and teachers with food. While enjoying the food, artists from the Myawaddy Music Band under the command of the Directorate of Public Relations and Psychological Warfare performed songs honouring the youths.

After the reception, the Chairman of the State Administration Council and his wife and members greeted warmly to prize-winning soldiers, students and parents. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including school-teachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်နိုင်ငံက ကန်ဒေါ်လာ ၁၃၈ သန်းတန်ဖိုးရှိ Hellfire ဒုံးကျည်များ၊ APKWS လက်နက်စနစ်များကို ချက်သမ္မတနိုင်ငံသို့ရောင်းချရန် သဘောတူညီခဲ့




အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် Hellfire ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များနှင့် အဆင့်မြင့် Precision Kill Weapon Systems (APKWS) ကို ချက်သမ္မတနိုင်ငံသို့ ရောင်းချရန် သဘောတူ ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စုစုပေါင်း AGM-114R Hellfires အစင်း ၂၀၀ ၊ Hellfire Captive Air လေ့ကျင့်ရေးဒုံးကျည် လေးစင်းနှင့် WGU-59A/B APKWS II တိကျ ဒုံးကျည် လက်နက်စနစ် အစုံ ၆၀၀ ကို ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၃ သန်းဖိုးဝယ်ယူရန် ချက်နိုင်ငံ၏ တောင်းဆိုမှုကို အမေရိကန်က သဘောတူခဲ့သည်။ ၎င်းတွင် ပံ့ပိုးရေးပစ္စည်းကိရိယာများ၊ သရုပ်ပြကျည်များ၊ လေ့ကျင့်ရေးကျည်များနှင့် နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများလည်း ပါဝင်သည်။

အဆိုပါ ဒုံးကျည်လက်နက်များကို အမေရိကန်နိုင်ငံထံမှ ဝယ်ယူထားသည့် AH-1Z Viper ရဟတ်ယာဉ် ၁၀ စင်းတွင် တပ်ဆင်အသုံးပြုသွားရန်ရှိနေသည်။ AH-1Z Viper ရဟတ်ယာဉ်များကို ၂၀၁၉ ခုနှစ်တွင် လေးစင်းနှင့် ၂၀၂၃ ခုနှစ်တွင် ခြောက်စင်း ဝယ်ယူထားရှိပြီးဖြစ်ကြောင်း သိရသည်။

Semi-Active လေဆာလမ်းညွှန်ထိန်းကျောင်းရေးစနစ်သုံး AGM-114R ဒုံးကျည်တွင် တင့်၊ သံချပ်ကာ၊ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ၊ ကင်းလှည့်ရေယာဉ်ငယ်များ၊ အဆောက်အအုံများ၊ လွင်ပြင်များ၊ ဘန်ကာများ၊ ယာဉ်တန်းများရှိ တပ်ဖွဲ့ဝင်များအပါအဝင် ပစ်မှတ်အမျိုးမျိုးကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသော ဘက်စုံသုံးထိပ်ဖူးတပ်ဆင်အသုံးပြုထားသည်။ ထုတ်လုပ်သူ Lockheed Martin ၏ အဆိုအရ AGM-114R ဒုံးကျည်သည် အကွာအဝေး ရှစ်ကီလိုမီတာ (ငါးမိုင်)၊ အမြင့်ပေ ၃၀၀၀ (၉၁၄ မီတာ)တွင်းရှိ ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် ဝေဟင်မှမြေပြင် တိကျပဲ့ထိန်းလက်နက် APKWS စနစ်သည် လေဆာလမ်းညွှန်စနစ် ပေါင်းစည်းအသုံးပြုထားသော Hydra 2.75 လက်မ အရွယ်အစားရှိဒုံးပျံ(ရော့ကတ်)ပေါ်တွင် အခြေခံတီထွင်ထားခြင်းဖြစ်သည်။ ၎င်းကို Rotary နှင့် Fixed-Winged လေယာဉ်နှစ်မျိုးစလုံးတွင် တပ်ဆင်နိုင်ပြီး အကွာအဝေး လေးကီလိုမီတာ မှ ၁၂ ကီလိုမီတာကြား တိကျစွာ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။

အဆိုပြုထားသော ဒုံးကျည်လက်နက်များရောင်းချမှုသည် ချက်သမ္မတနိုင်ငံ၏ ကာကွယ်ရေးစွမ်းအားများ အားကောင်းလာစေရန်နှင့် ဒေသတွင်းခြိမ်းခြောက်မှုများကိုဟန့်တားရန် ရည်ရွယ်ထားကြောင်း ကာကွယ်ရေး လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

"ဒါက အမေရိကန်နဲ့ အခြားမဟာမိတ်တွေနဲ့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရင်းနဲ့စစ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ဖို့ ရည်မှန်းချက်တွေကို အထောက်အကူဖြစ်စေမှာပါ" ဟုပင်တဂွန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။

အဓိကကန်ထရိုက်တာလုပ်ငန်းစုများသည် APKWS အတွက် BAE Systems နှင့် Hellfire အတွက် Lockheed Martin တို့ဖြစ်ကြောင်း သိရသည်။

**US Approves $138M Hellfire, APKWS Missile Sales to Czech Republic ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံက Transwing UAS ၏ ပထမဆုံးအကြိမ်ပျံသန်းမှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် Overwatch Group နှင့် Ptero Dynamics ကုမ္ပဏီတို့သည် Transwing ဒရုန်းစနစ် (UAS)၏ ပထမဆုံးအကြိမ်ပျံသန်းမှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသမိုင်းမှတ်တိုင်သည် ဒရုန်းနည်းပညာကို အဆင့်မြှင့်တင်ရန် ရည်ရွယ်သည့် ကုမ္ပဏီနှစ်ခုကြား မကြာသေးမီက မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့ကို ဖွဲ့စည်းလိုက်ခြင်း၏ အကျိုးရလဒ်လည်းဖြစ်သည်။ ဗြိတိန်အခြေစိုက် Overwatch Group သည် အဆင့်မြင့် ဒရုန်းစနစ်များနှင့်ခဲယမ်းနည်းပညာများကို အထူးပြုထုတ်လုပ်နေသည့် ကုမ္ပဏီဖြစ်ပြီး အမေရိကန်အခြေစိုက် Ptero Dynamics သည် ၎င်းတို့၏ ဒေါင်လိုက် အတက်အဆင်းပျံသန်းနိုင်သော (VTOL) ဒရုန်းစနစ်များကြောင့် လူသိများကြသည်။

Transwing UAS သည် လုပ်ငန်းလည်ပတ်မှုထိရောက်စေရန်အတွက်လိုအပ်သောအကွာအဝေးနှင့် Payload များကို သယ်ဆောင်ပျံသန်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်း၏မျက်နှာပြင် နှစ်ဖက်ဖြင့် ဒေါင်လိုက်တပ် တောင်ပံစနစ်သည် ပါဝါနည်းနည်းဖြင့် Lift(ပင့်တင်အား)နှင့် Load Stability(တည်ငြိမ်စွာဝန်တင်နိုင်စွမ်း) ပိုမိုကောင်းမွန်စေရန်အတွက် မျက်နှာပြင်ဧရိယာကို ပိုမိုတိုးမြှင့်ပေးသည်။ ထို့ပြင် ထောင့်ပေါ်မူမတည်ဘဲကျဉ်းမြောင်းသော ဧရိယာအနေအထားပေါ်မှလည်း ပျံတက်၊ ဆင်းသက်နိုင်စေမည်ဖြစ်သည်။ ထိုသို့ အလိုအလျောက် ပျံသန်း၊ တိုက်ပွဲဝင်လုပ်ဆောင်နိုင်သော နှစ်မျိုးသုံး UAS စနစ်သည် တိုက်ပွဲလုပ်ငန်းစနစ်များကို ပြောင်းလွယ်ပြင်လွယ်မှုရှိစွာ၊ ထိရောက်စွာ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ထားသည်။ လာမည့်သရုပ်ပြသမှုများတွင် အလေးချိန် ၆ ဒသမ ၈ ကီလိုဂရမ်၊ အမြန်နှုန်း ၆၅ Knots နှင့်အကွာအဝေး ၆၀ နော်တီကယ်လ်မိုင်ထိ ပျံသန်းစစ်ဆင်နိုင်မည့် Transwing ၏ အရွယ်အစားသေးငယ်သော လျှပ်စစ်တွန်းအားပေးစနစ်သုံး (Electric Version)ကို ထုတ်ဖော်ပြသသွားလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ကြမ်းတမ်းသောရာသီဥတုအခြေအနေများ၊ ကျဉ်းမြောင်းသောမြေနေရာများတွင် ၎င်း၏ ရွေ့လျားနိုင်မှုသည် မြင်ကွင်းလွန် (BVLOS)စွမ်းရည်များနှင့်အတူ အရပ်ဘက်နှင့် ကာကွယ်ရေးဆိုင်ရာရေကြောင်း၊ ကုန်ကြောင်းနှင့် လေကြောင်းဆိုင်ရာ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားကြောင်း သိရသည်။

Transwing X-P4 နှင့် X-P5 မျိုးကွဲများသည် Payloads သယ်ဆောင်ပျံသန်းနိုင်ရန် ဤတွေ့ရှိချက်များကိုအခြေခံ၍ ဒီဇိုင်းထုတ်ထားသည်။ ၎င်းတို့သည် မြေ




နေရာ၊ ပြေးလမ်းစသည့်လိုအပ်ချက်များကို သိသိသာသာလျှော့ချနိုင်ပြီး ရွေ့လျားမောင်းနှင်နေသော ရေယာဉ်၊ ကုန်းယာဉ်များပေါ်တွင် ဆင်းသက်နိုင်သည်။ ဤလိုက်လျောညီထွေဖြစ်နိုင်မှုသည် ပင်လယ်ပြင်နှင့် ကုန်းမြေအသုံးချမှုများအတွက် ရည်ရွယ်သည်။

Transwing UAS ၏ ရွှေ့ပြေးပုံစံများကို အမေရိကန်ရေတပ် လေကြောင်းစစ်ဆင်ရေးစင်တာ၊လေယာဉ်ဌာနချုပ် (NAVAIR NAWCAD)မှ တာဝေးရေကြောင်းအလိုအလျောက် ပြန်လည်ထောက်ပံ့ဖြည့်တင်းရေးမစ်ရှင်များ (BWUAS)ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ အသုံးပြုနိုင်ရေးအကြံပြုထားသည်။ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် မမျှော်လင့်ဘဲ ရပ်ဆိုင်းသွားမှု၊ စီးပွားဖြစ် ပင်လယ်ကူးသင်္ဘောများ ရင်ဆိုင်ကြုံတွေ့နေရသည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာစိန်ခေါ်မှုများကဲ့သို့သော ပြဿနာများကို ဖြေရှင်းရာတွင် ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် Transwing UAS ကို တိုးတက်ဖွံ့ဖြိုးလာသော နည်းပညာတစ်ခုအဖြစ်ရှုမြင်ပြီး ၎င်းတို့၏ကျွမ်းကျင်မှုများဖြင့် ဈေးကွက်များသို့ ကျယ်ပြန့်စွာတင်ပို့ရောင်းချနိုင်ရန် ကုမ္ပဏီများ၏ ကြိုးပမ်းလာနိုင်မှုများကို မြင်တွေ့ရဖွယ်ရှိသည်။

**UK sees first ever flights of Transwing UAS ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၁၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၁၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၇၁၂၅ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါ စပါးများကို အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အတွင်း တောင်သူအသိပညာပေး လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးနည်းပညာတွေကို တောင်းခံတာရှိနေလို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက အဆက်မပြတ်ဆောင်ရွက်လုပ်ဆောင်ပေးခဲ့ပါတယ်။ စိုက်ပျိုးရေးနဲ့ အခြားဆက်စပ်ဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ပေးပါတယ်" မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထား ၁၆၅၇၃၈ ကေတွင် ဆင်းသုခ၊ မင်းရော၊ ရက် ၉၀ ၊ GW-1၊ GW-3၊ ထိုင်းဘေးကျား စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးထားကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသမြေအနေအထားနှင့် ကိုက်ညီကြောင်း၊ အဆိုပါ စိုက်ပျိုးပြီး မိုးစပါးများ အထွက်နှုန်းကောင်းစေရန် အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် ကုန်းကျောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းကျောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ



စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းကျောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သံသာ**

# မလှိုင်မြို့နယ် ဇီးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ဇီးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇီးဖြူကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၄၀ ကို ငွေကျပ် ၃၄ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၇-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နိုင်ငံတော်၏ အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟု ယုံကြည်...**

**စာမျက်နှာ ၁၇ မှ အဆက်**

သုံးဘာသာ ဂုဏ်ထူးရှင် ၃၈ ဦး၊နှစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉၇ ဦးရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

တပ်မတော် ပညာရေးကျောင်းများ၌ ဆိုပါက အမှတ်(၂)ပညာရေးကျောင်းသည် အောင်မြင်မှုပျမ်းမျှ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနက် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း (စစ်တွေ)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (မင်္ဂလာဒုံ)တို့သည်လည်း အောင်မြင်မှုပျမ်းမျှ ၉၅ ရာခိုင်နှုန်းကျော်ထိဖြစ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ အောင်မြင်မှုများနှင့် ဂုဏ်ထူးရသူများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူမိကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေးကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရေး ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ပေါ်ပေါက်လာသော်လည်း အခြေခံပညာကဏ္ဍတွင် ပြည်သူလူထုအများစုသည် အစိုးရအခြေခံပညာကျောင်းများ၌ အဓိကတက်ရောက်ပညာသင်ကြားကြကြောင်း၊ တပ်မတော်သားသားသမီးများသည်လည်း နိုင်ငံ့ဝန်ထမ်းသားသမီးများဖြစ်ကြသဖြင့် နိုင်ငံတော်အစိုးရ၏အခြေခံကျောင်းများတွင် အလေးထားတက်ရောက် ပညာသင်ကြားကြရကြောင်း၊ ယခုထူးချွန်ဆုရသူအများစုသည် အစိုးရအခြေခံပညာ ကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီး ထူးချွန်အောင်မြင်ခဲ့ကြသူများဖြစ်ကြောင်း၊ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမှ ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ထို့ပြင် နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်များတွင်လည်း တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများအပါအဝင် အစိုးရအခြေခံပညာအထက်တန်းကျောင်းများသည် ထိပ်တန်းက ရပ်တည်နေသည်ကို တွေ့ရကြောင်း။

ယင်းတို့ကိုကြည့်ရှုခြင်းအားဖြင့် ပညာသင်ကြားမှု၊ တတ်မြောက်မှုနှင့် ထူးချွန်စွာအောင်မြင်နိုင်မှု အခွင့်အလမ်းတို့သည် ငွေကြေးတတ်နိုင်မှု၊ အရင်းအမြစ်ကြွယ်ဝမှုတို့အပေါ်ထက် မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ မိဘ၊ ဆရာနှင့်တာဝန်ရှိသူများ၏ အားပေးမှုတို့အပေါ်တွင် အဓိကတည်မှီနေခြင်းဖြစ်သည်ကို ပြောနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်သားများနှင့် အငြိမ်းစားမိသားစုဝင်များ၏ ပညာရေးကို မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများဟူသည့် စတုရန်းပုံစံ ဝိုင်းဝန်းကြိုးပမ်းပေးခြင်းဖြင့် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ သားသမီးတိုင်း၊ ကျောင်းသားတိုင်းကို ကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ ဆရာ၊ ဆရာမများ၏ အနီးကပ်ကြပ်မတ်လေ့ကျင့်ပေးမှုများဖြင့် ကျောင်းအသီးသီးက ကြိုးပမ်းမြှင့်တင်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ယနေ့အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၆၉ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ဦးရေ ၈၀၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ရှနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ၁၃ ဦး၊လူရည်ချွန် ၃၄ ဦးနှင့် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော် ပညာရေးကျောင်းများနှင့် တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများမှ တာဝန်ရှိသူများကို ထိုက်ထိုက်တန်တန် ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်**ကြောင်း၊ အခြားဂုဏ်ထူးရရှိသူများနှင့် ပညာသင်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးများကိုလည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ထိ ကျောင်းသား၊ ကျောင်းသူ ၇၈၇ ဦးကို ပညာသင်ထောက်ပံ့ကြေးများပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ဆရာဝန်ဘွဲ့ရရှိသူ ၃၈ ဦး၊ အင်ဂျင်နီယာဘွဲ့ရရှိသူ ၃၅ ဦးနှင့် အခြားဘွဲ့ရရှိသူ ၄၁ ဦးရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ အတွေ့အကြုံများရရှိပြီး အနာဂတ်ဘဝ ပုံဖော်သည့်အခါ အကျိုးများစွာပြုစေရန် ရည်ရွယ်၍ ထူးချွန်ကျောင်းသား၊ကျောင်းသူ ၂၅၇ ဦးကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး ရှစ်ကြိမ် စေလွှတ်ပေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများကို လေ့လာရေးခရီးသွားရောက်ခဲ့သဖြင့် ရရှိခဲ့သည့်အတွေ့အကြုံများကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြန်လည်အသုံးချ လုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယနေ့အချိန်တွင် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေကြရချိန်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ကြုံတွေ့နေသည့် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိသော်လည်း အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ နိမ့်ပါးသည့်နိုင်ငံများအနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ထို့ကြောင့် **လူတိုင်းအကျုံးဝင်သည့် ပညာရေးမှအစပြုပြီး ခေတ်မီထိရောက်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းအောင်မြင်လာသည်ထိ မိမိတို့အားလုံး စည်းလုံးညီညွတ်ပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် တည်ဆောက်သွားကြရန်လို**ကြောင်း။

ထို့ကြောင့် အခမ်းအနားကို တက်ရောက်လာကြသည့် **လူငယ်မောင်မယ်တို့အနေဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးပြီး နိုင်ငံတော်က အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလို**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက လူရည်ချွန်ဆုရရှိသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ထူးချွန်ဂုဏ်ထူးရ စစ်သည်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။

**လူတိုင်းအကျုံးဝင်သည့် ပညာရေးမှအစပြုပြီး ခေတ်မီထိရောက်သည့် ပညာရေးစနစ်တစ်ရပ်ဖြစ်ထွန်းအောင်မြင်လာသည်ထိ မိမိတို့အားလုံးစည်းလုံးညီညွတ်ပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် တည်ဆောက်သွားကြရန်လို...**

**လူငယ်မောင်မယ်တို့အနေဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးပြီး နိုင်ငံတော်က အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလို...**





စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက သုံးဘာသာဂုဏ်ထူးရရှိသူ ဒုတိယတပ်ကြပ် သက်ပိုင်လင်းအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူးငါးဘာသာနှင့်အထက် အောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများနှင့် လူရည်ချွန်ဆုရရှိသူကျောင်းသား၊ ကျောင်းသူများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ

**ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။**



အောင်မြင်ခဲ့သူ နှစ်ဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူနှစ်ဦးတို့ကိုဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးတို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆုများပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများကို စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြု တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)





၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ရေ၊လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့ တက်ရောက်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်းငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနားကို ဟနွိုင်းမြို့ရှိ အမျိုးသားဈာပနခန်းမ၌ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)


## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။


## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇူလိုင် ၂၄**

(၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်၊ သွင်းကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာတင်းကျုံ့လီ၊ သီရိလင်္ကာနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ မော်လ်ဒိုက်နိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် နီပေါနိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက်အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ယခုကဲ့သို့ ကုန်စည်ပြပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပသည့်အပေါ် တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၃ ဒသမ ၂ ဘီလီယံ အခြေချနေထိုင်လျက်ရှိသော အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံ၏ အလယ်တွင်ရှိပြီး သဘာဝ သယံဇာတနှင့် လူသားအရင်းအမြစ်ကြွယ်ဝသော အခြေခံကောင်းများရှိကာ အိန္ဒိယသမုဒ္ဒရာတွင် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအလားအလာ အလွန်ကောင်းမွန်သော နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပေါင်းစပ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုပြုလုပ်သွားရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲကို အရှေ့တောင်အာရှ ၁၀ နိုင်ငံနှင့်တောင်အာရှ ရှစ်နိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပြပွဲကို ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်ထိ ကျင်းပလျက်ရှိကာ နိုင်ငံပေါင်း ၈၂ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀၀ ကျော်က ပြခန်းပေါင်း ၈၀၀ ကျော် ပါဝင်ပြသလျက်ရှိသည်။ ကုန်စည်ပြပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင် ၃၇ ဦး၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် ၈၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှကုမ္ပဏီ ၂၄ ခုက ပြခန်းပေါင်း




၂၆ ခု ပါဝင်ပြသလျက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုန်စည်ပြပွဲရှိ အပြည်ပြည်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားသည့် မြန်မာပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်စေရေးနှင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှု ပိုမိုများပြားလာစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကုန်စည်ပြပွဲကို "စည်းလုံးညီညွတ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လိုက်ပါသော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး မန္တလေးမြို့သို့ရောက်ရှိကြရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးကောင်စစ်ဝန်ချုပ်ရုံး ခေတ္တကောင်စစ်ဝန်ချုပ် မစ္စတာကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီ (၂၇) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၇ ) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ( ၄ ) ရက်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ( ၂၄ ) ရက်**

၁။ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း အသိပေးထားရှိပြီး ဖြစ်ပါသည်။ ၎င်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ခိုင်မာသောသန္နိဋ္ဌာန်လည်း ဖြစ်ပါသည်။

၂။ လက်ရှိအခြေအနေများအရ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ စတင် ကျူးကျော်၊ နယ်မြေချဲ့ထွင်၊ စစ်ဆင်တိုက်ခိုက်လာခဲ့ကြသော NUG / CRPH / PDF / MNDAA / TNLA / AA အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA စာချုပ်အား သွေဖည်၊ ချိုးဖောက်သွားကြသည့် လက်နက်ကိုင်အဖွဲ့အစည်းအချို့တို့နှင့် ၎င်းတို့အား နည်းလမ်းမျိုးစုံဖြင့် ပူးပေါင်း၊ ကူညီ၊ အားပေး၊ ထောက်ပံ့နေကြသော ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်/အဖွဲ့အစည်းအချို့တို့သည် ဒို့တာဝန်အရေးသုံးပါးကို ဖျက်ဆီးနေကြသူများဖြစ်ကြပြီး အောက်ပါလုပ်ရပ်များကို ဆက်လက်ကျူးလွန်နေကြဆဲ ဖြစ်ပါသည် -

(က) ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကလေးသူငယ်များအား ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်း။
(ခ) နိုင်ငံပိုင်/ ပုဂ္ဂလိကပိုင် အဆောက်အအုံများအား နည်းလမ်းမျိုးစုံဖြင့် ဖျက်ဆီးခြင်း။
(ဂ) အပြစ်မဲ့ပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု၍ တိုက်ခိုက်ခြင်း။
(ဃ) မြို့ကြီးများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်းသို့ လက်နက်ကြီး/ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း။
(င) အရွယ်မရောက်သေးသည့် လူငယ်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် လက်နက်စွဲကိုင် တိုက်ပွဲဝင်စေခြင်း။
(စ) နယ်မြေတစ်ခုတည်း၌ နှစ်ကာလကြာရှည်စွာ အတူတကွနေထိုင်ခဲ့ကြသည့် လူမျိုးမတူသော အခြားတိုင်းရင်းသားမျိုးနွယ်စုများအား မူလနေရပ်ဒေသများမှ အတင်းအဓမ္မ စွန့်ခွာစေခြင်း။
(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပြည်တွင်း တည်ဆဲဥပဒေများနှင့် နိုင်ငံတကာဥပဒေများအား ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ခြင်း။

၃။ အထက်ပါ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးရခြင်း၊ စားဝတ်နေရေး ကျပ်တည်းလာခြင်း၊ လူငယ်များပညာသင်ကြားနိုင်ခွင့်များ ဆုံးရှုံးရခြင်း၊ အခြေပြုရာမူရင်းဒေသများကို စွန့်ခွာခဲ့ရခြင်းတို့အပြင် အနာဂတ်မျှော်လင့်ချက်များ အားလုံး ဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရပြီး ပြည်သူလူထု၏ မူလအခွင့်အရေးများ ပိတ်ဆို့ထားသကဲ့သို့ ခံစားနေရသဖြင့် အမြန်ဆုံးလွတ်မြောက်ရန် လိုအပ်မည်ဟု ရှုမြင်ပါသည်။

၄။ နိုင်ငံတော်အစိုးရ၏ ၂၀၂၅ ခုနှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် ပြင်ဆင်နေမှုအား အကြမ်းဖက်မှုကို လက်မခံကြသည့် သန်းပေါင်းများစွာသောပြည်သူများကို ကိုယ်စားပြု၍ မိမိတို့ နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မြန်မာ့မြေပေါ်မှ အကြမ်းဖက်မှုလုပ်ငန်းစဉ်များ ချုပ်ငြိမ်းစေရေးတို့အတွက် မိမိတို့နိုင်ငံရေးပါတီများက နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေသည့် သတင်းစကားသည် နိုင်ငံတော်အတွက် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သော ဒီမိုကရေစီနည်းလမ်းတကျ အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်၍ ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများအတွက် ထွက်ပေါက်မဟုတ်ဘဲ နိုင်ငံရေးပါတီများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းမွန်အချောမွေ့ဆုံး ထွက်ပေါက်လမ်းကြောင်းတစ်ခုဖြစ်သည်ဟု ယုံကြည်လက်ခံပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရှဲ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ(ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ | |
| ၁၆။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီ ပါတီသစ် | |
| ၁၇။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | |
| ၁၈။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၉။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၂၀။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၁။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၂။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၃။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီ | |
| ၂၄။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီ | |
| ၂၅။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | |

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ တိုင်တန်းစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၈/၂၀၂၄) ထုတ်ပြန်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သော လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကော်မရှင်ဥပဒေအခန်း(၅) ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းကိုလည်းကောင်း၊ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)အရ တိုင်တန်းချက်၊ စွပ်စွဲချက်နှင့် သတင်းအရ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (င)အရ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားသည့်နေရာသို့သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ၊ ဌာနများသို့အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း တာဝန်နှင့်လုပ်ပိုင်ခွင့်အရ နှစ်စဉ်လျာထားချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ပေးပို့လာသည့် တိုင်တန်းချက် ၁၃၅ စောင် လက်ခံရရှိခဲ့ရာ အဆိုပါတိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့က အစည်းအဝေး ၂၅ ကြိမ်ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များအနက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း ၃၁ မှု၊ တိုင်တန်းသူထံ အကြံပြုပြန်ကြားခြင်း ၁၈ မှုတို့ဆောင်ရွက်ပေးခဲ့ပြီး မှတ်တမ်းထားရှိခြင်း ၈၅ မှုနှင့် ကာယကံရှင်၏သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်းတစ်မှုတို့ ပါဝင်ပါသည်။

မှတ်တမ်းထားရှိသည့် တိုင်တန်းချက် ၈၅ စောင်သည် ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့်မညီညွတ်သော အမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်သဖြင့် မှတ်တမ်းအနေဖြင့် စနစ်တကျထိန်းသိမ်းထားရှိခြင်းဖြစ်ပါသည်။

တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သကဲ့သို့ စိစစ်ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ပေးပို့ခဲ့ရာ လက်ခံရရှိခဲ့သော ပြန်ကြားချက်များကို တိုင်တန်းသူကာယကံရှင်များထံသို့ကော်မရှင်က ပေးပို့ပြန်ကြားပေးခဲ့ပါသည်။ ကော်မရှင်၏ရုံးခွဲများဖြစ်သော နေပြည်တော်(ရုံးခွဲ)၊ မန္တလေး(ရုံးခွဲ)၊စစ်တွေ(ရုံးခွဲ)နှင့်ပုသိမ်(ရုံးခွဲ)များကလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီ၊ မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

ကော်မရှင်စစ်ဆေးရေးအဖွဲ့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ အကျဉ်းထောင် ငါးခု၊ အချုပ်ထောင် နှစ်ခု၊ အကျဉ်းစခန်း ခုနစ်ခု၊ ရဲစခန်းအချုပ်ခန်း ၁၂ ခု၊ တရားရုံးအချုပ်ခန်း ၁၃ ခု၊ လူငယ်သင်တန်းကျောင်း သုံးခုနှင့် ဘိုးဘွားရိပ်သာ ၁၀ ခုတို့ကို ကော်မရှင်ဥပဒေနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ ကြည့်ရှုစစ်ဆေးချိန်အတွင်း အကျဉ်းသား၊ အချုပ်သားတို့ကိုတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၁ အရ "ကုလသမဂ္ဂကပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ၊ မညီ"၊ အကျဉ်းသား၊ အချုပ်သားအိပ်ဆောင်များ၊ အကျဉ်းသား၊ အချုပ်သားတစ်ဦးချင်းအတွက် ရရှိသင့်သည့်အသုံးအဆောင်များရရှိမှုအခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေစသည်တို့ကို မေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့ပြင် အကျဉ်းသား၊ အချုပ်သားများကို ယင်းတို့၏ အိပ်ဆောင်များတွင်တွေ့ဆုံကာ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ ပြည့်စုံစွာရရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့သကဲ့သို့ တစ်ဦးချင်း လွတ်လပ်စွာတွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊အချုပ်သား စုစုပေါင်း ၃၃ ဦးတို့ကိုလည်း ကြည့်ရှုစစ်ဆေးရေးအဖွဲ့က မေးမြန်းမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုင်တန်းစာများအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို အလေးထားစိစစ်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့အကြံပြုချက်ပေးပို့ဆောင်ရွက်လျက်ရှိရာတွင် တိုင်ကြားသူများကိုလက်တုံ့ပြန်မှုမခံရစေရေး အလေးထားဆောင်ရွက်ပါသည်။

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ်-၀၁-၆၅၄၆၇၈၊ ကော်မရှင် **website** ဖြစ်သော **https://mnhrc.org.mm** ကတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။ တိုင်တန်းချက်ပေးပို့ရာတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူမဖြစ်မနေပူးတွဲပါရှိရန် လိုအပ်ပါသည်။

တိုင်တန်းချက်များကိုစိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းများခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေးကော်မရှင်သို့ တိုင်တန်းစာများပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ပုဗ္ဗသီရိတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော ပုဗ္ဗသီရိတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါတိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်းငါးသင်းဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကိုကြည့်ရှုအားပေးကြသည်။ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊တစ်ဦးချင်းဆုရရှိကြသူများ၊အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(အငြိမ်းစား) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့်(၂၃)ကြိမ်မြောက် အထွေထွေညီလာခံတက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၄**

စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ဟိုတယ်၌ ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်ထိကျင်းပမည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း/ပြင်ပ)မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ၁)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်(အငြိမ်းစား) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။



# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဇူလိုင် ၂၄**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ဝန်ခံကတိလက်မှတ်ရေးထိုးစေစဉ်။

ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီမော့ဆိုမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကိုတာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်းသတင်းရရှိသည်။ (ဧဝ၁)

# စစ်ကိုင်းမြို့နယ် မြသိန်းတန်ဘုရားအနီးရှိ ကျေးရွာ သုံးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူ ခြောက်ဦးကိုဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုရှိခဲ့သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မြသိန်းတန်ဘုရားအနီးရှိ ရှားရောင်းကျေးရွာ၊မင်းကွန်း(မြောက်)ရွာနှင့်မင်းကွန်း(တောင်)ရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် ဈေးဆိုင်ခန်းများနှင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ခြောက်ဦးထက်မနည်းကိုလည်း ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မင်းကွန်းကျေးရွာအနီးသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDFအမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်သမားများက ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ လျှပ်စစ်မီးကြိုးများကို ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ်အချို့တွင် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ကျေးရွာအတွင်း ရေပေးဝေသည့် ရေပိုက်လိုင်းများ မီးလောင်ပျက်စီးခဲ့ကြောင်း၊ နေအိမ်ခြောက်လုံးမှာလည်း မီးလောင်ပျက်စီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများသည် ဘုရားစေတီပုထိုးများကို ဖူးမြော်ကြည်ညိုရန် လာရောက်သည့် ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများဖြင့် စည်ကားလျက်ရှိသည့် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန်စွပ်စွဲရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မသန်သော်လည်း စွမ်းဆောင်နိုင်သူ

လင်းနွေးအိမ်



(၁)

"လုပ်ကြပါဟ။ ရေကူးပြီး လိုက်ရှာကြည့်ကြပါအုံး။ ဒီထက်အချိန်ကြာသွားမှဖြင့်"

မိုးတွင်းအခါမို့ ရွာထိပ်မှာရှိနေသည့် ချောင်း၌ ချောင်းရေများ ကမ်းလုံးပြည့်ထိ စီးဆင်းနေ၏။ ကမ်းပါးတစ်ဖက်၌ လူအုပ်တစ်စု ရုတ်ရုတ်သဲသဲဖြစ်နေကြသည်။

ခက်သည်ကား ချောင်းသည် ရေစီးသန်သလို နက်လည်းနက်၏။ ယခုလို ကမ်းလုံးပြည့်အထိ ချောင်းရေလာတော့မည်ဆိုလျှင် ညောင်သာရွာရှိ ရွာသူ၊ ရွာသားများ ထိတ်လန့်နေကြတော့၏။ ရေဦးဆိုက်လာသည်နှင့် ကမ်းပါးရှိအိမ်လေးများ၌ နေထိုင်ကြသူတို့သည် ဘေးလွတ်ရာကို ခေတ္တရှောင်တိမ်းနေကြရ၏။ ချောင်းသည် တစ်နှစ်မှတစ်ကြိမ်ဆိုသလို ရေများကမ်းလုံးပြည့်ထိ လာခဲသလောက် ထိုသို့လာပြီဆိုလျှင်လည်း ထိုချောင်းက လူခေါ်သည်ဟု ရှေးလူကြီးတို့စကားရှိခဲ့ဖူးသည်။

"ဖိုးထောင် ဆင်းပြီးလိုက်ရှာပါအုံး ဟ။ အောင်မြင့်ကော မင်းတို့ ရေကူးတတ်ပါတယ်။ လုပ်ကြပါကွာ။ တော်ကြာ ဒီကလေး အသက်မမီဘဲ ဖြစ်နေပါ့မယ်"

"ဟာ ဦးမြင့်တင်ကလဲ ဒီချောင်းရဲ့အကြောင်း မသိတာလဲမဟုတ်ဘဲနဲ့။ ကျွန်တော်တို့ ဘယ်လိုဆင်းရှာရဲပါ့မလဲ"

"အမယ်လေး ခုချိန်လောက်ဆို ငါ့သားလေးတော့ သေလောက်ပါပြီ ဟီး ဟီး ဟီး"

ဆူဆူညံညံနှင့်ဖြစ်နေကြသည့် လူအုပ်ကြီးသည် ကမ်းပါး၌ အချိန်ခဏတာထိ ပုံစံမပျက် ဆက်လက်တည်ရှိနေ၏။

"ဟာ မောင်ထွန်း မင်း မဆင်းနဲ့လေ။ မောင်ထွန်းကို ဝိုင်းဆွဲကြပါအုံး"

ချောင်းထဲကို ဆင်းဖို့ဟန်ပြင်နေသည့် မွေးရာပါခြေထောက်မသန်စွမ်းသူလေး မောင်ထွန်းကို အားလုံးက ဝိုင်းဆွဲနေကြ၏။ သူ၏ ခြေထောက်လေးများသည် သွားလာသည့်အခါတိုင်း သေးငယ်နေသည်မို့ ချိုင်းထောက်လေးကိုသာ အားပြုနေရသူဖြစ်၏။ သူသည် အားကိုးအားထားပြုနေရသည့် ချိုင်းထောက်လေးကို ပစ်ချပြီး ချောင်းထဲသို့ ဒိုင်ဗင်ထိုးချဖို့အရေးသာ စိုင်းပြင်းနေတော့၏။

"ဦးလေးတို့ ကျွန်တော့်ကိုမဆွဲကြပါနဲ့။ ဒီအချိန်မှာ ဒီကလေးရဲ့အသက်ကို ကယ်မဲ့သူမှမရှိတာ။ ဒီတော့ ကျွန်တော့်ကို ကြိုးစားခွင့်ပေးပါ"

"မောင်ထွန်းရာ သေတဲ့သူက သေမှာပဲ။ နောက်ထပ်အသက်တစ်ခုတော့ ဦးလေးတို့ ထပ်ပြီးအဆုံးရှုံးမခံချင်ဘူး။ နောက်ပြီး မင်းက. . ."

မောင်ထွန်း၏ လက်မောင်းကိုဆွဲကိုင်ထားရင်းက ပြောလာသည့် ဦးလေးတစ်ယောက်၏ စကားပင်မဆုံးသေး။ မောင်ထွန်း၏ ရင်ထဲမှ မခံချင်စိတ်ဒေါသတို့ အလိပ်လိုက်ထိုးတက်လာတော့၏။

"ဘာလဲ ဦးလေးတို့က ကျွန်တော့်ကို ဒုက္ခိတတစ်ယောက်ဆိုပြီးအထင်သေးတာလား။ ကျွန်တော့်အသက်ပေးရင် ပေးရပါစေ ဦးလေးရာ ကျွန်တော် ဒီကလေးရဲ့အသက်ကို ကယ်ချင်တယ်"

"ခုလောက်ဆို"

"ဘာအခုလောက်ဆိုလဲ။ ဦးလေးတို့ အခုလို ကမ်းပါးမှာ တစ်ယောက်တစ်မျိုး ပြောနေတာနဲ့တင် အချိန်ကြာနေပြီ။ ဆင်းပြီ ဦးလေးရာ"

"ဝုန်း"

(၂)

ချောင်းထဲသို့ဆင်းလိုက်သွားသည့် မောင်ထွန်းကို ကမ်းပါး၌ ရှိနေကြသော ရွာသူ၊ ရွာသားများက အံ့သြတကြီး ငေးကြည့်နေကြ၏။

ချောင်းရေသည် ကမ်းပါးများကို အားကောင်းကောင်းနှင့်တိုးခွေ့နေတော့၏။ လှိုင်းသံများထွက်ပေါ်နေသည့်ချောင်းထဲ၌ မောင်ထွန်းနှင့် ရေထဲပါသွားသည့်ကလေးတို့ အသက်လုပွဲကို ရင်တထိတ်ထိတ်နှင့်စောင့်မျှော်နေကြ၏။

"အင်း မောင်ထွန်းဆိုတဲ့ကောင်ကွာ။ ပြောစကားလဲ နားမထောင်ဘူး။ ဒီကောင် ဘယ်လိုလုပ် ကလေးကို ကယ်လာနိုင်မလဲ။ မင်းတို့ကလဲ ဝိုင်းဆွဲထားကြပါအုံးဆိုနေမှ"

"သားရေ လူလေးရေ။ အမေ ဘယ်လိုဖြေရမှာလဲ ဟီး ဟီး ဟီး"

ကမ်းပါး၌ ရေထဲသို့ပါသွားသည့် သားဖြစ်သူအတွက် ပူပင်သောကဖြစ်နေသူ။ မသန်စွမ်းသူလေး မောင်ထွန်းအဖြစ်ကို သနားကရုဏာသက်နေမိသူတို့မှာ အချိန်ကြာလာသည်နှင့်အမျှ ပူပန်ဇောတို့ ပိုမိုအားကြီးလာတော့၏။ ထိုသို့ဖြစ်နေချိန် ကျေးရွာအုပ်ချုပ်ရေးမှူးဆိုသူ၏ စကားတစ်ခွန်းကား အားလုံးကို ပို၍ပင်စိုးရိမ်စရာဖြစ်စေတော့၏။

"ဒီချောင်းက တစ်နှစ်တစ်ခါ လူစားနေကျ။ အခုတော့ အသက်တစ်ချောင်းပဲ ပေးရမှာကို မောင်ထွန်းလုပ်တာနဲ့။ အသက်နှစ်ချောင်းပေးရတော့မယ်။ အင်း မောင်ထွန်း မောင်ထွန်း တို့ကတော့ သူ့ကို မသန်စွမ်းသူဆိုပြီး သနားငဲ့ညှာနေလိုက်တာ။ လက်စသတ်တော့ ဒီကောင်က လူကသာ မသန်စွမ်းတာ။ သူ့စိတ်က တဇွတ်ထိုးတဇောက်ကန်းဆန်နေတာပဲ့လား"

"ဟုတ်ပါ့ဗျာ။ ဒီအကြောင်းသာ သူ့ရဲ့အစ်မသိရင် ဘယ်လောက်စိတ်တိုလိုက်မလဲ"

"တော်ပါကွာ။ သူ့အစ်မလား မောင်ထွန်းကိုစိတ်ပူမှာ။ မိဘတွေမရှိတော့လို့ မောင်နှမနှစ်ယောက်တည်း ကျန်နေခဲ့တာ။ အစ်မကြီး အမိအရာဖြစ်မယ်ထင်နေတာ။ အရက်သမားကို လင်တော်ပြီး မောင်ဖြစ်သူကိုတော့ ပစ်ထားတာလေ။ ငါတို့ရွာကပဲ မောင်ထွန်းအတွက် အစစအရာရာ ထောက်ပံ့ပေးနေရတာပေါ့"

"ဟုတ်တယ် အုပ်ကြီး။ မောင်ထွန်းခမျာ လူစင်မမီရတဲ့အထဲ မိဘတွေကဆုံး။ ရှိတဲ့အစ်မကလဲ အားကိုးမရနဲ့။ ဒါပေမဲ့ မောင်ထွန်းကို ကျွန်တော်တစ်ခုချီးကျူးတယ်ဗျာ။ ဒီကောင် စိတ်ဓာတ်တော်တော်မာတာပဲ"

ကမ်းပါး၌ မောင်ထွန်းအကြောင်းကို ပြောနေကြသည်မှာ အချိန်ကာလတချို့ကြာမြင့်လာသည်ထိ မောင်ထွန်းနှင့် ရေထဲပါသွားသူကလေးတို့၏ အဖြေကား တိတိကျကျပေါ်ထွက်မလာသေးပေ။

(၃)

"ကဲ ကဲ ဒေါ်စောတင့် ခင်ဗျားလဲငိုမနေပါနဲ့တော့ဗျာ။ ရေကျချိန်ရောက်တော့မှ ရွာသားတချို့ကို ဆင်းရှာခိုင်းသင့် ရှာခိုင်းလိုက်မယ်။ အခုတော့ ကိုယ့်အိမ်ကိုပဲ ပြန်ကြရအောင်"

အုပ်ချုပ်ရေးမှူး၏စကားဆုံးသည်နှင့် အားလုံးက လက်လျှော့၍ အိမ်ပြန်ခဲ့ကြသည်။ ငိုသူကငို၊ စိတ်မကောင်းဖြစ်ရသည့်အကြောင်း ပါးစပ်မှတီးတိုးပြောနေသူကပြောနှင့် ချောင်းကမ်းပါး၌ လူများကြက်ပျောက်ငှက်ပျောက်ဖြစ်သွားတော့၏။

ချောင်းရေကလည်း ကြီးနေချိန်ဆိုတော့ ကိုယ့်အိမ်မှာကိုယ် နားနေကြရင်း မောင်ထွန်းတို့နှစ်ဦး၏ သတင်းကိုစောင့်မျှော်နေကြသည်။ အချိန်မှာ တစ်နာရီပြီးတစ်နာရီ ကုန်လွန်လာခဲ့သည်။ သတင်းကား မကြားရသေး။ ချောင်းရေကျပါစေဟု ရွာသူ၊ ရွာသားများ ဆုတောင်းနေကြသော်လည်း မိုးက သည်းကြီးမည်းကြီးနှင့် ရွာချလာပြန်၏။

"သွားပါပြီကွာ။ ဒီအတိုင်းဆို အလောင်းတောင် ရှာလို့ရနိုင်ပါတော့မလားဘဲ။ မိုးကလဲ ကောင်းကောင်းလွန်းကွာ"

ကျေးရွာအုပ်ချုပ်ရေးမှူးသည် ဆေးလိပ်တိုကို ဖွာရှိုက်ရန် ဟန်ပြင်နေရင်းက မိုးစက်မိုးပေါက်များကို ကြည့်ပြီး လက်ထဲက ဆေးလိပ်ကို ပစ်ချလိုက်ပြန်သည်။ ထိုင်ရမလို ထရမလိုဖြစ်နေသည့် သူ့ကိုကြည့်ပြီး သူ၏ဇနီးဖြစ်သူမှာ စိတ်မကောင်းဖြစ်ရတော့၏။

"ရှင်ကလဲ လူ့အသက်တစ်ချောင်းဆိုတာ ကြက်ကလေးငှက်ကလေးတွေလို လွယ်လွယ်နဲ့ ပျက်စီးမသွားနိုင်ပါဘူး။ လူ့ကံဆိုတာက အင်မတန်ကြီးတယ်မဟုတ်လား။ ရှင့်ပုံစံကြည့်ပြီး ကျုပ်စိတ်ဆင်းရဲလိုက်တာတော်"

"ဟေ နင်က စိတ်ပူနေတဲ့ငါ့ကို အပြစ်တင်ချင်သေးလို့လား။ အခုတော့ ငါ့အဖြစ်က ကမ်းပါးပဲ့ပြီး ရေထဲပါသွားတဲ့ကလေးကို စိတ်ပူရတာတစ်ဖက်။ ဟိုကောင် မောင်ထွန်း သူရဲကောင်းကြီးလုပ်သွားလို့ ပူရတာက တစ်ဖက်နဲ့"

"နေပါအုံး မောင်ထွန်းကို သူရဲကောင်းကြီးလုပ်သွားတယ်ပြောရအောင် ရှင်တို့လို သန်သန်စွမ်းစွမ်း ယောကျာ်းရင့်မာကြီးတွေက ရေထဲပါသွားတဲ့ကလေးကို ဆင်းရှာပေးကြလို့လား။ အရေးကြုံမှ လူတွေရဲ့သတ္တိကို သိရတာလေ။ ကူညီချင်တဲ့စိတ်ကို မြင်ရတာလေ။ အခုတော့ တစ်ရွာလုံးအတွက် အားကိုးရပါတယ်လို့ ရှင်ချီးကျူးနေတဲ့ ဖိုးထောင်တို့၊ အောင်မြင့်တို့က ဘယ်လိုဖြစ်သွားတာတုံး"

"အေးဟာ။ ငါလဲ သူတို့ကို ဆင်းရှာဖို့ပြောပါသေးတယ်။ ဒီကောင်တွေလဲ ချောင်းအကြောင်းကိုသိတော့ ဆင်းမရှာရဲကြဘူးဖြစ်နေတာ။ ပြောလို့ပြောတာ ငါလဲ ဆင်းရှာဖို့ သတ္တိမရှိဘူး။ တော်ကြာ ဆက်ပြီးပြောနေရင် ခင်ဗျားကော ဆင်းရှာရဲလို့လားဆိုမှဖြင့် နေရင်းထိုင်ရင်း ငါပါ အရှက်ကွဲမှာ"

(၄)

ညသည် အတော်ညဥ့်နက်လာ၏။ ညောင်သာတစ်ရွာလုံး အိပ်မောကျနေပြီဟု ထင်ရသောအချိန်၌ ခွေးဟောင်သံများ ထွက်ပေါ်လာတော့၏။

"ဝုတ် ဝုတ်"

"ဝုတ် ဝုတ် ဝုတ်"

ခွေးဟောင်သံများကြား၍ ရွာသားတချို့ နိုးလာကြ၏။ လက်နှိပ်ဓာတ်မီးများကိုယ်စီဖြင့် ခွေးဟောင်သည့်နေရာကို ရောက်လာကြ၏။

"ဟင် မောင်ထွန်း"

ရေထဲပါသွားသည်ဆိုသော ကလေးက မောင်ထွန်းကိုတွဲကူရင်း နှစ်ဦးသားလျှောက်လာနေသည့်မြင်ကွင်းကား မြင်ရသူအဖို့ ရင်ထဲကအလုံးကြီးကို ဆို့သွားစေလောက်သည်ထိ။

"ဒီအကြောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးသာ သိရင်တော့လား။ လာ လာ မောင်ထွန်း။ ငါ့ပခုံးကိုကိုင်။ မင်းလို လူစွမ်းကောင်းကြီးကို ငါချီးကျူးပါတယ်ကွာ"

"မောင်ထွန်း မင်းတို့တွေကို တစ်နေ့လုံးထိ မျှော်နေတာ။ ငါတို့တော့ မျှော်လင့်ချက်ကုန်ပြီဆိုပြီး ယူကျုံးမရဖြစ်နေတာ။ ဘယ်လိုဖြစ်ပြီး အခုလိုအသက်လုခဲ့တယ်ဆိုတာ ပြောပါအုံးကွ"

"ဟာ ကိုအောင်မြင့်ကလဲ ဒီအကြောင်းတွေ မနက်ရောက်မှမေးလေ။ အခု မောင်ထွန်းတို့ကို အိမ်လိုက်ပို့ပေးပြီး အေးအေးဆေးဆေး နားပါစေအုံးကွာ"

မျက်နှာမှာ အပြုံးကိုယ်စီနှင့် လမိုက်သောညတွင် ချက်ချင်းဆိုသလို လမင်းဝိုင်းဝိုင်းကြီးပေါ်ထွက်လာသလို။ လူသံ ဆူညံသံများကြား၍ သူ့ထက်ငါ ရောက်လာကြသည့်လူများကြောင့် ညသည် ညမမည်တော့။

သူရဲကောင်းအလုပ်ကို လုပ်ဆောင်လိုက်သည့် မောင်ထွန်းကို ရွာသူ၊ ရွာသားအပေါင်းက သူ့ထက်ငါအားပါးတရဖက်ပြီး ချီးမြှောက်ဂုဏ်ပြုပေးနေကြ၏။

(၅)

နောက်တစ်နေ့နံနက်၌ မောင်ထွန်းတို့ အိမ်ကလေး၌ လူစည်ကားနေ၏။ မိုးလင်းကတည်းက အိမ်မပြန်ဘဲ ငုတ်တုတ်ထိုင်ပြီး လာသမျှလူအပေါင်းကို မောင်ထွန်း တော်ကြောင်း၊ သတ္တိကောင်းကြောင်း ချီးမွမ်းနေသူကား ရေထဲပါသွားသည့်ကလေး၏ အမေဖြစ်သူ ဒေါ်စောတင့်ဖြစ်သည်။

စာမျက်နှာ ၂၅ သို့ ➤

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ရင်သားကင်ဆာကြိုတင်ရှာဖွေစစ်ဆေးခြင်းဆိုင်ရာဆွေးနွေးငြင်းခုံမှုများ

**Screening** ဟုခေါ်ကြသည့်ရောဂါကြိုတင်ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းကို တချို့သောကင်ဆာရောဂါများတွင် အသုံးပြုကြသည်။ ရည်ရွယ်ချက်မှာ ရောဂါကို ကြိုတင်ရှာဖွေစစ်ဆေးခြင်းဖြင့် ဖြစ်ခါစကင်ဆာရောဂါများကို ကြိုတင်သိရှိနိုင်ပြီး ဆောလျင်စွာ ကုသနိုင်လျက် ပုံမှန်သက်တမ်းစေ့နေထိုင်နိုင်ရေးဖြစ်သည်။ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာများ၊ ဆီးကျိတ်ကင်ဆာအစရှိသည့် ရောဂါများမှာ **Screening** ရောဂါကြိုတင်ရှာဖွေခြင်းကို နိုင်ငံအတော်များများတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်နေကြသည်။

ရင်သားကင်ဆာကြိုတင်ရှာဖွေရေးနှင့် ပတ်သက်၍ ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်း(**Mammogram**) ကို နိုင်ငံအတော်များများတွင် အကုန်အကျခံပြီး လက်ရှိအသုံးပြုနေကြသည်။ ရင်သားကင်ဆာကို ကြိုတင်ရှာဖွေဖော်ထုတ်ရန် ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်းသည် အမှန်တကယ်အကျိုးရှိကြောင်းကို ဆေးလက်တွေ့သုတေသနများစွာဖြင့် သက်သေထူခဲ့ပြီးလည်း ဖြစ်သည်။ သို့သော် လွန်ခဲ့သည့် နှစ် ၂၀ တာကာလအတွင်းမှာ ရင်သားဓာတ်မှန်ရိုက်ခြင်းနှင့် ပတ်သက်၍ အကြိတ်အနယ်ဆွေးနွေးငြင်းခုံမှုများ ရှိခဲ့သည်။ အဓိကဆွေးနွေးကြသည့် အချက်က **Overdiagnosis** (ရောဂါကို ပိုပိုသာသာအမည်တပ်ခြင်း)ကိစ္စဖြစ်သည်။ ရင်သားဓာတ်မှန်ရိုက်ပြီး စစ်ဆေးရာတွင် အမှန်တကယ်ကင်ဆာမဟုတ်ဘဲ ကင်ဆာဖြစ်နေသည်ဟု မှားယွင်းအဖြေထွက်နေခြင်းမျိုးရှိသည်။ **False Positive** ဟု ခေါ်သည်။ **False Positive** (ရောဂါတကယ်မရှိဘဲ ရှိနေသည်)ဟု အဖြေထုတ်လိုက်သည့်အခါ **Overdiagnosis** ဖြစ်သွားသည်။

သို့သော် ကမ္ဘာတစ်လွှား ရင်သားကင်ဆာဖြစ်ပွားမှုနှင့် သေဆုံးမှုက တောက်လျှောက် အတက်ဘက်တွင် ရှိသည်။ ရောဂါကို နောက်ကျမှ သိခွင့်၊ ကုသခွင့်ရကြသည့်အတွက်လည်း မလိုလားအပ်ဘဲ လူ့အသက်များ ဆုံးရှုံးနေရသည်။ ထို့ကြောင့် ရင်သားကင်ဆာကို စောစီးအဆင့်များတွင် ကုသနိုင်ရန် ကြိုတင်ရှာဖွေစစ်ဆေးခြင်း (**Screening**) ကို လက်ခံလာကြရသည်။ တစ်ဖက်မှာလည်း ပုံရိပ်ဖော်နည်းပညာများက အဆင့်မြင့်လာသည်။ သည်လိုနှင့် ရင်သားကင်ဆာကြိုတင်ရှာဖွေရေးအတွက် ရင်သားဓာတ်မှန်ရိုက်ခြင်းကို ကမ္ဘာတစ်လွှားလက်ခံထားကြရပြီး နိုင်ငံအတော်များများတွင် ကျင့်သုံးနေကြသည်။ သို့သော် ဘယ်အသက်အရွယ်မှာ စတင်စစ်ဆေးမည်၊ ဘယ်သူ့ကို စစ်ဆေးမည်၊ ဘယ်နည်းလမ်းဖြင့် စစ်ဆေးမည်၊ ဘယ်လောက်ကြာလျှင် တစ်ကြိမ် ထပ်မံစစ်ဆေးမည် စသည့် အသေးစိတ်လုပ်နည်းများမှာမူ ငြင်းခုံဆွေးနွေးနေကြရဆဲဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဘဏ္ဍာငွေတောင့်တင်းမှုအပေါ် မူတည်ပြီး သက်ဆိုင်ရာနိုင်ငံများအလိုက် အမျိုးသားအဆင့် ကင်ဆာရောဂါကြိုတင်ရှာဖွေစစ်ဆေးရေးစီမံချက်များ ရေးဆွဲပြီးဆောင်ရွက်နေကြသည်။ ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်းကို အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင် အသက် ၄၀ အရွယ် အမျိုးသမီးများ၌ စတင်လုပ်ဆောင်ကြရသည်။ ဗြိတိန်နိုင်ငံတွင် အသက် ၅၀ မှ အသက် ၇၀ ကြား အမျိုးသမီးများတွင် နှစ်နှစ်လျှင် တစ်ကြိမ် ရင်သားဓာတ်မှန်ရိုက်စစ်ဆေးကြရသည်။ ဥရောပနိုင်ငံများတွင်မူ အသက် ၅၀ နှစ်မှ ၆၉ နှစ်ကြား အမျိုးသမီးများ နှစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးကြရသည်။ နိုင်ငံတော်အဆင့်စီမံချက်ဖြစ်သော်လည်း အမျိုးသမီးတိုင်းက အချိန်မှန်မှန်ရင်သားဓာတ်မှန်ရိုက်ဖြစ်ကြသည် မဟုတ်ပါ။ ဒိန်းမတ်နိုင်ငံတွင် ရည်မှန်းချက်၏ ၈၃ ရာခိုင်နှုန်း ရင်သားဓာတ်မှန်ရိုက်ကြပြီး ဘူလ်ဂေးရီးယားနိုင်ငံတွင်မူ ၂၁ ရာခိုင်နှုန်းသာ ရင်သားဓာတ်မှန်ရိုက်ဖြစ်ကြသည်။

ဝင်ငွေအလတ်စားနှင့် အနိမ့်စားနိုင်ငံများ (**LMICs**) တွင် ရင်သားကင်ဆာကြိုတင်ရှာဖွေစစ်ဆေးသည့်နှုန်းမှာ စိုးရိမ်ဖွယ်ကောင်းလောက်အောင် နည်းပါးနေသည်။ အာဖရိကတောင်ပိုင်းနိုင်ငံများတွင် ရင်သားကို ကာယကံရှင်အမျိုးသမီးမှ လက်ဖြင့် စမ်းသပ်ခြင်းနှင့် ဆေးရုံ၊ ဆေးခန်းရောက်မှ ဆရာဝန်မှ စမ်းသပ်ခြင်းဖြင့်သာ ရင်သားကင်ဆာအကျိတ်ကို စစ်ဆေးနိုင်ကြသည်။ ရင်သားဓာတ်မှန်မရိုက်နိုင်ကြသဖြင့် ရင်သားကင်ဆာကို နောက်ကျသည့် အချိန်ရောက်မှ သိခွင့်ရကြသည်။ ထို့ကြောင့် ဆေးကုသမှုမအောင်မြင်တော့ဘဲ သေဆုံးမှုနှုန်းလည်း များသွားသည်။ ရင်သားဓာတ်မှန် (**Mammogram**) နည်းပညာကို တပ်ဆင်နိုင်ရန် ကုန်ကျစရိတ်မတတ်နိုင်ကြသလို တတ်ကျွမ်းသည့် ပညာရှင်များလည်း နည်းပါးသည်။

အာဖရိကအမျိုးသမီးများတွင် **Triple-Negative** အမျိုးအစားရင်သားကင်ဆာပိုဖြစ်သည်။ ထိုအမျိုးအစားသည် ရောဂါပြင်းထန်ပြီး အသက်ငယ်ငယ်တွင် ဖြစ်ပွားတတ်ကြသည်။ အသက်ငယ်သည့် အမျိုးသမီးများ၏ရင်သားသည် သိပ်သည်းမှုများပြီး ရင်သားဓာတ်မှန်ဖြင့် ကင်ဆာအကျိတ်ကို ရှာရန် ခက်ခဲသည်။ အသက်ငယ်လေ ရင်သားတစ်သျှူးများထူထဲပြီး သိပ်သည်းလေ ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံအများစုတွင် အသက် ၅၀ ခန့် ရောက်မှ ရင်သားဓာတ်မှန်ရိုက်စစ်ဆေးကြခြင်းဖြစ်သည်။

ရင်သားဓာတ်မှန်မရိုက်ဖြစ်သည့် အကြောင်းရင်းသည် ငွေကြေးမတတ်နိုင်တာတစ်ခုတည်းကြောင့် မဟုတ်ပါ။ ဆင်းရဲမှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုအစဉ်အလာများ၊ ရောဂါအပေါ် မှားယွင်းနားလည်ထားမှုများ၊ ရောဂါရှိနေသူအပေါ် ခွဲခြားဆက်ဆံခံရမှုများ စသည်တို့ကြောင့်လည်း ရင်သားဓာတ်မှန်ရိုက်စစ်ဆေးရန် ခက်ခဲနေတတ်သည်။ ကံကောင်းသည့်အချက်မှာ ရင်သားကင်ဆာတိုက်ဖျက်နေသည့် အသိပညာပေးအဖွဲ့များရှိနေကြပြီး ရင်သားကင်ဆာကာကွယ်ရေးနှင့် ကြိုတင်ရှာဖွေရေးကို အားပေးအားမြှောက်မှုများ ရှိသင့်သလောက် ရှိနေကြသည့်အချက်ဖြစ်သည်။ သို့သော် တိုးချဲ့လုပ်ဆောင်နိုင်ကြရန် လိုအပ်နေသေးသည်။

ကမ္ဘာပေါ်တွင် ဆင်းရဲ၊ ချမ်းသာ ကွာဟချက်များသည်။ မျိုးနွယ်စုကွဲပြားမှုများလည်း ရှိသည်။ ရင်သားကင်ဆာကြိုတင်စစ်ဆေးရေးအဓိကလုပ်ငန်းစဉ်ဖြစ်သည့် ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်း (**Mammogram**) ကို တစ်ကမ္ဘာလုံး တညီတညွတ်တည်း မူဝါဒချမှတ်ဆောင်ရွက်ရန် မဖြစ်နိုင်သေးပေ။ လက်ရှိအသုံးပြုနေသည့် ရင်သားဓာတ်မှန်ရိုက်စစ်ဆေးသည့် ညွှန်ကြားချက်များသည် လူဖြူအမျိုးသမီးများဖြင့် မူတည်ပြုလုပ်ထားသည့် သုတေသနများအပေါ် အခြေခံထားသည်။ ယနေ့ဆေးပညာ၏ ရင်သားကင်ဆာအပေါ် နားလည်ထားချက်များသည် လူဖြူအမျိုးသမီးများ၏ ရင်သားကင်ဆာရောဂါအကြောင်းက များသည်။ အခြားမျိုးနွယ်စုဝင် အမျိုးသမီးများ၏ရင်သားကင်ဆာသဘောသဘာဝအပေါ် သုတေသနပြုလုပ်ထားချက်များ နည်းပါးနေသေးသည်။ ထို့အတွက်ကြောင့် ရင်သားကင်ဆာ ကြိုတင်ရှာဖွေရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်လာလျှင် လူနည်းစုလူမျိုးနွယ်စုများအတွက်ပါ ထည့်သွင်းစဉ်းစားသုတေသနများပြုလုပ်ပြီး ပြန်လည်သုံးသပ်ရေးဆွဲကြရန် လိုအပ်နေသည်။

မကြာသေးမီက **iBreast Exam** အမည်ရသည့် သယ်ဆောင်ရလွယ်ကူသော ရင်သားကင်ဆာစစ်ဆေးရေးစက်ကိရိယာတစ်ခုအသစ်ထွက်လာသည်။ အရွယ်အစားက မီးပူအသေးစားအရွယ်ခန့်ရှိသည်။ ရင်သားပေါ်ကို ထောက်ပြီး တီဗီဓာတ်မှန်ရိုက်သကဲ့သို့ စစ်ဆေးရသည်။ ချိတ်ဆက်ထားသည့် မိုဘိုင်းဖုန်းဖန်သားပြင်ပေါ်တွင် ရင်သားအတွင်းက အကျိတ်များကို ကြည့်ရှုစစ်ဆေးနိုင်သည်။ လေ့ကျင့်သင်ကြားပေးထားသည့် သူနာပြုဆရာမတစ်ဦးတည်းနှင့်ပင် စစ်ဆေး၍ရသည်။ ရင်သားဓာတ်မှန်နှင့် နှိုင်းယှဉ်စစ်ဆေးသည့်အခါ ရလဒ်အဖြေကွာဟချက်သိပ်မရှိကြောင်း သုတေသနများတွင် တွေ့ရသည်။ ချို့တဲ့သည့် နိုင်ငံများတွင် **iBreast Exam** စက်ကလေးက ရင်သားကင်ဆာကြိုတင်ရှာဖွေရေးအတွက် အခရာဖြစ်လာနိုင်သည်။ စောင့်ကြည့်နေရမည့် နည်းပညာသစ်တစ်ခုဖြစ်သည်။

မျက်မှောက်ခေတ်ကင်ဆာရောဂါကုသမှုပုံစံများသည် လူနာတစ်ဦးချင်းစီ၏ အသေးငယ်ဆုံးမော်လီကျူးအဆင့်ထိ ရောဂါကို ရှာဖွေဖော်ထုတ်ပြီး ကုသသည့်အနေအထားဖြစ်လာသည်။ မော်လီကျူးအဆင့်မှသည် မျိုးဗီဇအဆင့်ထိ ရှာဖွေဖော်ထုတ်ပြီး လိုအပ်သလောက် အကျိုးအရှိဆုံး ကုသရသည့်အခြေအနေဖြစ်သည်။ ရင်သားကင်ဆာကြိုတင်ရှာဖွေစစ်ဆေးရေးတွင်လည်း မျိုးဗီဇအခြေပြုပြီး စစ်ဆေးမှုများရှိလာခဲ့သည်။

ဥပမာ-ရင်သားကင်ဆာမျိုးဗီဇပျက်ယွင်းမှု **BRCA1** နှင့် **BRCA 2 Mutation** ရှိနေသူ အမျိုးသမီးများကို အခြားအမျိုးသမီးများထက် စောစီးစွာ ရင်သားဓာတ်မှန်ရိုက်ရန် တိုက်တွန်းနေကြပြီ။ ရင်သားကင်ဆာဖြစ်ပွားသူအမျိုးသမီးများတွင် အသက်အရွယ်တူ၊ အသားစအဖြေတူ၊ အသေးစိတ်မျိုးဗီဇခွဲခြားမှုများတူသည်ဆိုလျှင်တောင်မှ ကင်ဆာ၏သဘောသဘာဝ အပြုအမူများက ကွဲပြားသွားနိုင်သေးသည်။ ထို့ကြောင့် ကင်ဆာရောဂါများနှင့် ပတ်သက်လာလျှင် ခြုံငုံကုသရမည့် ညွှန်ကြားချက်များရှိသည်ကတော့ မှန်သည်။ အမှန်တကယ် လူနာကုသရာတွင် လူနာတစ်ဦးချင်းစီအလိုက် စဉ်းစားချင့်ချိန်ပြီး ကုသကြရမည်ဖြစ်သည်။

ကင်ဆာရောဂါကို စောစီးစွာသိရှိခြင်းဖြင့် အသက်ပေါင်းများစွာ ကယ်တင်နိုင်သည့်အချက်ကို ငြင်းဆိုဖွယ်ရာရှိမည် မထင်ပါ။ ဖြစ်ခါစ ကင်ဆာရောဂါများအတွက် ကုသမှုပုံစံများသည် နောက်ကျအဆင့်လွန်ကင်ဆာရောဂါများ၏ ကုသမှုပုံစံများထက်ပိုပြီး အစွမ်းထက်သည်။ ကုန်ကျစရိတ်နည်းသည်။ လူနာအတွက် ခံနိုင်ရည်လည်း ပိုရှိကြသည်။ ထို့အတွက်ကြောင့် ကင်ဆာကြိုတင်ရှာဖွေစစ်ဆေးရေးနည်းလမ်းများကို အစွမ်းထက်သည်ထက် ထက်လာစေရန် အမြဲလေ့လာသုံးသပ်အဆင့်မြှင့်တင်နေရမည်ဖြစ်သည်။ ကင်ဆာကုသရေးအပိုင်းတွင် လူနာတစ်ဦးချင်းစီ၏ မျိုးဗီဇ၊ မောလီကျူးအသေးစိတ်အဆင့်များထိ ဖော်ထုတ်ပြီး ကုသနေကြပြီဖြစ်ရာ ကင်ဆာကြိုတင်ရှာဖွေစစ်ဆေးရေးအပိုင်းတွင်လည်း ကမ္ဘာ့ဒေသများအလိုက်၊ လူမျိုးစုအလိုက်၊ လူမှုစီးပွားအခြေအနေများအလိုက်၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများအလိုက် ကိုက်ညီသင့်လျော်မည့်ညွှန်ကြားချက်များ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

❖ ရင်သားကင်ဆာကြိုတင်ရှာဖွေရေးနှင့်ပတ်သက်၍ ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်း(**Mammogram**)ကို နိုင်ငံအတော်များများတွင် အကုန်အကျခံပြီး လက်ရှိအသုံးပြုနေကြသည်။ ရင်သားကင်ဆာကို ကြိုတင်ရှာဖွေဖော်ထုတ်ရန် ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်းသည် အမှန်တကယ်အကျိုးရှိကြောင်းကို ဆေးလက်တွေ့သုတေသနများစွာဖြင့် သက်သေထူခဲ့ပြီးလည်း ဖြစ်သည်။ သို့သော် လွန်ခဲ့သည့်နှစ် ၂၀ တာကာလအတွင်းမှာ ရင်သားဓာတ်မှန်ရိုက်ခြင်းနှင့်ပတ်သက်၍ အကြိတ်အနယ်ဆွေးနွေးငြင်းခုံမှုများ ရှိခဲ့သည်။ ❖

**ကိုးကား**

–**Breast cancer screening: one size does not fit all from Lancet Oncology 2023, Dec**

**ဒေါက်တာလွှမ်းမိုးဟန်**

# ငဖဲမြို့နယ် ဂုတ်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဇင်ပြွန်းကျေးရွာအုပ်စု ဂုတ်ဝကျေးရွာတွင် တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ၊ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၆၀ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂုတ်ဝကျေးရွာ၌ တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးအနအလုံးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ဒေသထွက် အုန်းသီးအနုအလုံးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက အုန်းသီးအနုအလုံးရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက် မှ ၃၀ ရက်ထိ အုန်းအနုသီးအလုံးရေ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဇွန်လထဲမှာ အုန်းသီးအနုအလုံးရေ အနေနဲ့ ၅၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူမှုများပြားနေပါတယ်။ ဒေသထွက်အုန်းသီးအနုတွေ အရောင်းအဝယ်ကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေ အနေနဲ့ အဆင်ပြေနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ ရောင်းချနေရခြင်းကြောင့် ပွဲရုံလုပ်ငန်းရှင်များ၊ အုန်းသီးစိုက်ပျိုးသူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သရက်ချောင်းမြို့နယ် အတွင်းကဇိကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေး

**သရက်ချောင်း ဇူလိုင် ၂၄**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အတွင်းကဇိကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီး ရရှိစေနိုင်ရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ကျေးရွာမတည်ရန်ပုံငွေကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၂၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက အတွင်းကဇိကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို ရန်ပုံငွေကျပ် ၂၂၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစာပြောင်း ၈၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေးဝ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၈၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်း ၂၁၇ ကေနှင့် ဖူးစားပြောင်း ၂၄၂၁ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစ၍စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၇၁ ကေနှင့် ဖူးစားပြောင်း ၇၆၁ ကေ စုစုပေါင်း ၈၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးဝမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း၂၆၃၈ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၈၃၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်စေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် တင်းရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း သိရသည်။

(၂၀၆)

# မိုင်းယောင်းမြို့နယ် နမ့်နော်(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**မိုင်းယောင်း ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက တာကြန့်ကျေးရွာအုပ်စု နမ့်နော်(အောက်) ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ နမ့်နော်(အောက်) ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ ကျေးရွာသူကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**



# လင်းခေးမြို့နယ် ပုန်းထွန်-နောင်တောင်လော ကုန်ထုတ်လမ်းပေါ်၌ သံကူကွန်ကရစ်တံတားတည်ဆောက်မှု စစ်ဆေး

**လင်းခေး ဇူလိုင် ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပုန်းထွန်-နောင်တောင်လော ကျေးရွာကုန်ထုတ်လမ်းပေါ်၌ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုအခြေအနေများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပုန်းထွန်-နောင်တောင်လော ကျေးရွာကုန်ထုတ်လမ်းပေါ်၌ သံကူကွန်ကရစ်တံတားသည် အရှည်ပေ ၃၀ နှင့် ၉ လက်မ၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၆ ပေရှိပြီး Ecopure ကုမ္ပဏီက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၃၁ သန်း အသုံးပြု၍ ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပုန်းထွန်-နောင်တောင်လော ကျေးရွာများရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# မိုးမိုး(အင်းလျား)၏ ထောင်ပြေးဝတ္ထုတိုကိုလေ့လာခြင်း

ပုသိမ်အောင်သန်းဦး

“ဒီကနေ့မှ မိုးကလဲ ရွာလိုက်တာ၊ မနက်ငါးနာရီ ဆို လင်းထင်းနေပြီပဲ။ ဩော်. . . ငါ့မှာ လက်ပတ်နာရီ လဲ ပါမလာပါလား။ ခေတ်ခဲကုန်လို့ အံဆွဲထဲထည့်ထား တာ။ မနေ့ကရှာတော့မတွေ့ဘူး။ ဘယ်မှာများအထား မှားပါလိမ့်။ ဝယ်တုန်းကတော့ ငါးရာကျော်ပဲ။ မှတ် မှတ်ရရ ရုံးက ဆုငွေထုတ်တုန်းက ဝယ်ထားတာ။ ခုနေပြန်ရောင်းရင် ငါးဆယ်တောင်ရမှာမဟုတ်ဘူး။

တစ်လမ်းလုံးလဲ မှောင်မည်းတိတ်ဆိတ်နေတာပဲ။ မိုးကပိုသည်းလာပြီ။ အငယ်ကောင်ကို စောင်တောင် ဆွဲခြုံမပေးခဲ့ရဘူး။ သူက အမေ့ရင်ခွင်ထဲအိပ်နေကျ။ အို. . .ငါ ဒါတွေတွေးနေလို့မဖြစ်ဘူး။ လူဆိုတာ ငါမရှိရင်မဖြစ်ဘူးဆိုတာ မရှိဘူးတဲ့။ သေသွားတဲ့လူ တွေ ဘယ်လိုလုပ်မလဲ။ ကျန်တဲ့လူတွေ ဒီလိုပဲ ဆက် စခန်းသွားကြတာပဲ။ အမေသေတုန်းက ငါတစ်ယောက် ထဲ ကျန်ခဲ့တာ။ နောက်တော့လည်း ဖြစ်သွားတာပဲ။ လူတွေဒီလိုနဲ့ပဲ အသက်ရှင်သွားကြတာမဟုတ်လား။

ပါလာတဲ့အဝတ်တစ်စုံတော့ မိုးရေနဲ့စိုရွှဲကုန်ပြီ ထင်ပါရဲ့။ သားရေအိတ်ကိုယူခဲ့ဖို့ကောင်းတယ်။ ယူ မယ်ဆိုပြီးမှ ပြန်ချထားခဲ့မိတာ။ ငါကိုယ်က မပြတ် သားပါဘူးလေ။ အင်းလေ. . . ဘယ်တုန်းကကော ပြတ်သားဖူးလို့လဲ။ မှတ်ပုံတင်တော့ပါတယ်။ မန္တလေး ရထားက ဘယ်အချိန်ထွက်သလဲမသိ။ ရထား လက်မှတ်ကကော ချက်ချင်းဝယ်လို့ရလို့လား။ ငွေက ကော များများပါလို့လား။ ရှိရှိသမျှ ထည့်လာတယ်။ ငါးရာလောက်ရှိမယ်ထင်တယ်။ ဖြစ်ချင်ရာဖြစ်ကြ ပစေ။ သူ့ထိုက်နဲ့သူ့ကံဆိုပေမဲ့ အကြီးကောင်အတွက် ပေးနေကျ မုန့်ဖိုးနှစ်ကျပ်ကို သူမြင်သာအောင် စာရေးစားပွဲပေါ်မှာ မင်အိုးနဲ့ ဖိထားပေးခဲ့တယ်။ တွေ့မှာပါ။ အလတ်မကျောင်းထမင်းဘူးထည့်ဖို့ ပုစွန် နှစ်ကောင်ကြော်ပြီး ကြောင်အိမ်ထဲ သိမ်းထားတာ မြင်ပါ့မလား။ လျှပ်စစ်ထမင်းအိုးကတော့ ခလုတ်နှိပ် ခဲ့တာ ခုဆိုကျက်လောက်ပြီ။ သူ့ထမင်းဘူးတော့ သူ့ ဘာသာထည့်တတ်ပါပြီလေ။ မုန့်ဖိုးလည်း သူ့အဖေဆီ က တောင်းလိမ့်မယ်။ လမ်းထိပ်တောင်ရောက်လာပြီ။ ကားလဲတစ်စီးမှ မတွေ့ပါလား”

မိန်းကလေးတစ်ဦး၊ အိမ်ထောင်သည်မိန်းကလေး တစ်ဦး၊ မနက်ငါးနာရီခွဲခန့်၊ မိုးဖွဲဖွဲကြား၊ လမ်းမပေါ် လွယ်အိတ်လေးတစ်လုံးနှင့် စိတ်တွေ ကယောင် ချောက်ချားဖြစ်လို့၊ အိမ်ကထွက်လာသော်လည်း သူ့သားသမီးတွေကိုစိတ်မချ၊ သူဘယ်ကိုသွားမလဲ၊ ဆုံးဖြတ်ရခက်နေပုံကို ဆရာမ မိုးမိုး(အင်းလျား)က ပုံဖော်ပြနေပါသည်။

ဆရာမ မိုးမိုး(အင်းလျား)က သူ့ဇာတ်ကောင်ကို ဤသို့ ဆက်ပြီးသရုပ်ဖော်ပြန်သည်။

“ဒီကနေ လဟာပြင်ဈေးအထိ လမ်းလျှောက်သွား ရင် စဉ်းစားဖို့အချိန်ရမယ်။ ဟိုဘက်လမ်းမှာတော့ သူငယ်ချင်းမိခိုင်ရှိသား။ ဒီအချိန်အိပ်ရာက ဘယ်ထ ဦးမလဲ။ စောစောစီးစီးသွားနှိုးရင် သူကတော့ အကြောင်းမဟုတ်ဘူး။ သူ့အိမ်သားတွေက စူးစမ်းကြ မယ်။ စကားတွေအများကြီးမပြောချင်ဘူး။ လူတွေ နဲ့လဲ မတွေ့ချင်ပါဘူး။ ဒီလိုပဲ လျှောက်သွားနေလိုက်တာ ကောင်းပါတယ်။ စောစောစီးစီး ဈေးထွက်တဲ့သူလိုလို ဘာလိုလိုပေါ့။ ဟိုး. . . ရှေ့မှာ မိန်းမနှစ်ယောက် အိတ်ကလေးတွေကိုယ်စီနဲ့ ကားဂိတ်သွားကြမလို့ ထင်တယ်။ သူတို့နဲ့ရောပြီး လိုက်သွားမှ. . .။”

အိမ်ကထွက်လာပြီး ဦးတည်ချက်မရှိ လျှောက် သွားနေသောမိန်းမတစ်ယောက်၊ စိတ်တွေရှုပ်ထွေး နေဟန်ရှိပြီး စိတ်လေနေဟန်တူသောမိန်းမ၊ ဤမိန်းမ ဘာတွေဆက်လုပ်မည်နည်း စာဖတ်သူများ သိချင် လာကြသည်။

“အကြံရပြီ၊ ရွှေတိဂုံဘုရားပေါ် သွားရရင်ကောင်း မယ်၊ ဘုရားမရောက်တာလည်းကြာပြီ၊ ဘုရားဝတ်ပြု ပြီးမှ ဘုရားပေါ်ကဆင်း၊ စမ်းချောင်းက သူငယ်ချင်း အိမ်ဝင်၊ မရောက်တာကြာလို့ ဘုရားလာရင်းဝင် လာတာလို့ပြောရမယ်၊ နောက်မှ အကျိုးအကြောင်းတိုး ပြောပြီး တိုင်ပင်ရမယ်၊ သူငယ်ချင်းက ဆုံးမနေအုံး မလားမသိ၊ သူငယ်ချင်းတွေဆိုပေမဲ့ အိမ်ထောင်သည် တွေကိုး၊ ကျောင်းသူဘဝကလို ဘယ်လွတ်လွတ်လပ် လပ်ဟုတ်တော့မှာလဲ၊ နေရာတကာအနှောင်အဖွဲ့တွေ နဲ့၊ တစ်နေ့တည်းရုပ်ရှင်သုံးပွဲဆက်ကြည့်တတ်တဲ့ သူငယ်ချင်းမိဝေတောင် တစ်လောကလာသေးတယ်၊ ကလေးသုံးယောက်နဲ့၊ မတွေ့တာကြာလို့လာတာတဲ့၊ ဒါတောင် ယောကျ်ားက နယ်ခဏခဏထွက်ရလို့လာနိုင် တာတဲ့၊ ရုပ်ရှင်ကြည့်ပါဦးလားဆိုတော့ ဒီကလေးတွေနဲ့ ဘယ်လိုလုပ်ကြည့်မလဲတဲ့၊ ဘယ်ရုံမှာ ဘာကားတွေ ပြနေတယ်ဆိုတာတောင် မသိတော့ဘူးတဲ့. . .။”

ဇာတ်လိုက်အမျိုးသမီးက ရွှေတိဂုံဘုရားသွား

❖ ဆရာမ မိုးမိုး(အင်းလျား)က သူ့ဇာတ်ကောင်အမျိုးသမီးရဲ့ အနေအထားကို သရုပ်ဖော်ပြသည်။ ပြီးတော့မှ သူ့အိမ်ပေါ်မှဆင်းခဲ့ပုံအကြောင်း သူ့အမေကို ပြန်ပြောဟန်နှင့် သရုပ်ဖော်ပြသည်။ “အမေကတော့ ပြောဖူးပါတယ်။ ဘာမဆို စိတ်လိုက်မာန်ပါမလုပ်နဲ့တဲ့။ ခုဟာကတော့ သည်းမခံနိုင်လွန်းလို့ပါအမေရယ်။ လူဆိုတာခေါင်းငုံ့ခံရင် ဖိနင်းချင်ကြတယ်။ ထွက်ပေါက်မရှိတဲ့လူကို ချောင်ပိတ်ပြီး အလဲထိုးချင်ကြတာ၊ စိတ်နာတယ်အမေ၊ အို. . . ငါ မျက်ရည်ကျလို့မဖြစ်ဘူးလေ၊ လမ်းပေါ်မှာမျက်ရည်ကျလို့ မဖြစ်ဘူး။ ❖

မယ်ဆိုပြီး သူ့ သူငယ်ချင်းတွေအကြောင်း တွေး နေပြန်တယ်။

“ခါတိုင်းဆို ဒီနေရာမှာ ဘုရားကို တစ်ကျပ် တစ် ကျပ်နဲ့ဆွဲတဲ့ သုံးဘီးကားတွေရှိပါတယ်။ ခု တစ်စီးမှ မလာပါလား။ စောသေးလို့လား၊ မိုးရွာနေလို့လား၊ ဘတ်စကားစောင့်နေသူတွေတော့ရှိတယ်။ ဒီ ဘတ် စကားက ဘယ်ရောက်ပါလိမ့်။ အပြင်မထွက်တာကြာ ပြီပဲ။ ဘတ်စကားနံပါတ်တွေလည်းမသိတော့ဘူး။ ကားပေါ်မှာ ယောင်ချာချာဖြစ်ရင် သူများတွေရိပ်မိ ကုန်မယ်။ ခုတောင် မှတ်တိုင်အမိုးအောက်က လူက ငါ့ကိုကြည့်နေတယ်။ မိုးရွာထဲမှာ တစ်ယောက်တည်းမို့ အကဲခတ်နေတယ်။ ခပ်တည်တည်နေမှ ကိစ္စရှိလို့ထွက် လာတဲ့ပုံမျိုးနေပြရမယ်။ ကိုယ့်အသက်လည်းငယ်တော့ တာမှမဟုတ်တာ. . .။”

ဆရာမ မိုးမိုး(အင်းလျား)က သူ့ဇာတ်ကောင် အမျိုးသမီးရဲ့ အနေအထားကို သရုပ်ဖော်ပြသည်။ ပြီးတော့မှ သူ့အိမ်ပေါ်မှဆင်းခဲ့ပုံအကြောင်း သူ့အမေ ကို ပြန်ပြောဟန်နှင့် သရုပ်ဖော်ပြသည်။

“အမေကတော့ ပြောဖူးပါတယ်။ ဘာမဆို စိတ် လိုက်မာန်ပါမလုပ်နဲ့တဲ့။ ခုဟာကတော့ သည်းမခံနိုင် လွန်းလို့ပါအမေရယ်။ လူဆိုတာခေါင်းငုံ့ခံရင် ဖိနင်း ချင်ကြတယ်။ ထွက်ပေါက်မရှိတဲ့လူကို ချောင်ပိတ်ပြီး အလဲထိုးချင်ကြတာ၊ စိတ်နာတယ်အမေ၊ အို. . . ငါ မျက်ရည်ကျလို့မဖြစ်ဘူးလေ၊ လမ်းပေါ်မှာမျက်ရည်ကျ လို့ မဖြစ်ဘူး။ ဟင်. . . ဟိုလူက ငါ့ကိုကြည့်နေတုန်းပါ လား။ ကားတွေ တစ်စီးပြီးတစ်စီးလာနေတာ ငါမတက် လို့ကြည့်နေတာနေမှာ။ သူကကော ဘာဖြစ်လို့မတက် တာလဲ။ ဟိုဘက်နားလျှောက်ပြီး အငှားကားစောင့်တဲ့ ပုံစံမျိုးလုပ်ရမယ်။ အားတဲ့ကားကို ဖမ်းတားရမယ်။ ဘယ်ကိုသွားမယ်ပြောရပါ့။ အလင်းရောင်ကလည်း ရောက်ခဲလိုက်တာ။ ဒီအချိန်ဘုရားပေါ်မှာ လူရှိမှာ မဟုတ်ဘူး။ မိုးမရွာရင်တော့ ဘုရားတက်တဲ့လူတွေ ပေါ်သား။ မိုးကလည်း တဖြောက်ဖြောက်ရွာတုန်း။ ဟော. . . ကားတစ်စီးလာပြီ။ ဩော်. . . လူပါတယ်။ ဘတ်စကားတစ်စီးလာပြန်ပြီ။ ရပ်မယ့်နေရာနဲ့ဝေးဝေး နေမှ၊ မတက်မချင်းစပယ်ယာက အော်ခေါ်နေဦးမယ်။ ဟော. . . ဟိုလူပါသွားပြီ။ တော်ပါသေးရဲ့. . .။”

တဖြည်းဖြည်း အိမ်ကထွက်လာသည့်အမျိုးသမီး ပုံပေါ်လာပြီ။ အကျဉ်းချုပ်ကတော့ သူ့ယောကျ်ားနဲ့ စကားများပြီး ထွက်လာတာ။ ညက စကားများကြ ဟန်တူသည်။ အခု မနက်စောစော မိုးရွာကြီးထဲ ထွက် လာတာ ဘတ်စကားဂိတ်မှာ ယောင်ချာချာဖြစ်နေတာ။ ဘယ်ကစီးရ၊ ဘယ်ကိုသွားရမသိဖြစ်နေတာ။ သည်လို နဲ့ မိုးကတိတ်၊ အလင်းရောင် ရောက်လာပါရော။ ဆရာမက ပတ်ဝန်းကျင်ရှုခင်းကို ဖွဲ့ပြပြန်သည်။

“မိုးတိတ်တော့လည်း လင်းလာသား။ ဟီးနိုးကား ဂိတ်မှာတော့ လက်ဖက်ရည်ဆိုင် လူစည်လို့၊ ကားလက် မှတ်ဝယ်ရင်တော့ ရနိုင်တယ်။ ကိုယ့်မြို့ကိုယ် ပြန်ရ ကောင်းမလား၊ မြို့ပေါ်မှာကလည်း အမျိုးအဆွေမှမရှိ တာ။ ငယ်သူငယ်ချင်းတွေတော့ ရှိပါရဲ့။ ကျောင်း ဆရာမ လုပ်သူက လုပ်၊ ဈေးရောင်းသူက ရောင်း၊ ခင်အေးတော့ မနှစ်ကလာတယ်။ သူ့သမီးဆယ်တန်း အောင်လို့ ကျောင်းလာပို့တာတဲ့။ သူက စောစောစီးစီး အိမ်ထောင်ကျတာကိုး။ ဒီကောင်မ လင်နောက်လိုက် တုန်းက ငါ့မှာ ငိုလိုက်ရတာ။ ခုတော့ သူ့မှာရွှေတွဲလွဲ၊ ငွေတွဲလွဲ။ တောမှာနေရတော့ ရန်ကုန်မှာနေရသူတွေ ထက် စုဆောင်းနိုင်တာပေါ့။ အိမ်မှာ နှစ်ညအိပ်သွား တာ ဘယ်မှတောင်လိုက်မပို့လိုက်ရဘူး။ သူယူလာတဲ့ ရေချိုငါးပိက နှစ်ပိဿာလောက်ရှိတယ်။ ကောင်းလိုက် တာလွန်ရော ကိုယ်တိုင်သိပ်တာတဲ့. . .။”

စာရေးဆရာမက သူ့ဇာတ်ကောင်အမျိုးသမီး စိတ် ယောက်ယက်ခတ်နေပုံကို သူငယ်ချင်းတွေအကြောင်း တွေးပုံနှင့် ဖော်ပြနေပြန်သည်။ ရွှေတိဂုံဘုရားသွား မယ့် အစီအစဉ်ပျက်ပြီး သူ့ရွာကိုပြန်မယ့်ဟန်သရုပ် ဖော်ပြန်သည်။ သူ့ရွာက သူငယ်ချင်းအကြောင်း ရေးပြပြန်သည်။

သူ့သူငယ်ချင်းအကြောင်းတွေးရာက သူ့အိမ်က သူ့သားအကြောင်း တွေးပြန်သည်။

“အိမ်ကသားက ဒီနှစ်မှ ရှစ်တန်း။ အောင်မှ အောင်ပါ့မလား။ သိပ်ပေါ့တယ်။ စာလဲမကျက်ဘူး။ လည်ချင်ပတ်ချင်တယ်။ မအေကို ခံပြောချင်လာတယ်။ မနှစ်ကထိ ဒီလိုမဟုတ်ဘူး။ ငါ့မှာတော့ သားဦးမို့ ချစ် လိုက်ရတာ။ ကလေးသုံးယောက်လည်းရရော ငါလည်း ရုံးက အလုပ်ထွက်လိုက်ရတာပဲ။ အိမ်ထဲမှာ အဝတ် လျှော်လိုက်၊ မီးပူတိုက်လိုက်၊ ထမင်းချက်လိုက်နဲ့ ဘွဲ့ရ အောင် အမေကုန်းရုန်းဖွေရှာပြီး သင်ပေးခဲ့တဲ့ပညာ တွေလည်း ဘယ်ရောက်ကုန်မှန်းမသိတော့ပါဘူး။ ဒီလိုမှန်းသိ အစကတည်းက အိမ်ရှင်မသင်တန်း တက်ခဲ့ပါရဲ့. . .။”

ဆရာမ မိုးမိုး(အင်းလျား)က သူ့ဇာတ်ကောင်ရဲ့ စိတ်လှုပ်ရှားမှု၊ အတွေးများကို တစ်ခုစီ တစ်ခုစီ တင်ပြနေပါသည်။

“ကော်ဖီပူပူလေးတစ်ခွက် သောက်ချင်လိုက် တာ။ အချမ်းပြေသွားမှာပဲ။ ဟော. . . ထမင်းကြော် ဆိုင်လည်းဖွင့်ပြီ။ အငွေ့တထောင်းထောင်းနဲ့ အိမ်မှာ ပဲပြုတ်တောင် ဝယ်မပေးခဲ့ရဘူး။ သားငယ်က ထမင်း ပူပူ ဆီရွှဲရွှဲ ပဲပြုတ်နဲ့ဆိုရင်ကြိုက်တယ်။ ကြက်သွန်နဲ့ ဆိုရင် မကြိုက်ဘူး။ အိမ်မှာ ဆီလည်းကုန်နေပြီ။ ဝက်သားကို မနက်စာအတွက် လုံးထားတာပဲ။ စားလို့ ဖြစ်ပါတယ်။ အသီးအရွက်ကတော့ မရောဖြစ်တော့ဘူး ပေါ့။ အာလူးတွေ ကြက်သွန်တောင်းထဲရောထည့်ထား တာ တွေ့မယ်မထင်ဘူး။ တွေ့လည်း ချက်နေမှာမဟုတ် ပါဘူး။ ခုလောက်ဆို ငါအိမ်မှာမရှိတာ သူတို့သိကြပြီ လား။ ဈေးသွားနေတာ ထင်မှာပေါ့။ အချိန်တန်လို့ ပြန်မလာရင်တော့ တွေးမိမှာပဲ။ နေပစေ. . .။”

ဆရာမ မိုးမိုး(အင်းလျား)၏ ဇာတ်ကောင်အတွေး တွေက သူ့အိမ်ကိုပြန်ရောက်သွားပြန်ပြီ။ သူ့အိမ်ကို တွေးနေရာမှ ဆူးလေဘုရားလမ်းကြီးကိုကြည့်ကာ သူ့ သူငယ်ချင်း မူမူကို သတိရလာပြန်သည်။

ဆူးလေဘုရားလမ်းလည်း စည်ကားလာပြီး မိုးရွာ ထားလို့ထင့် လမ်းထိပ်က ပိုစတာကြီးလည်း စုတ်ပြဲနေ ပြီ။ မီးရထားခုံးဘက်တက်လာရင် ဘူတာရုံကိုရောက် တာပဲ။ မြို့ပတ်ရထားစီးရရင်ကောင်းမယ်။ တစ်မနက် အချိန်ကုန်နိုင်တယ်။ ပြီးတော့ တစ်နေရာမှာဆင်း ကားစီးပေါ့။ တစ်ခါလောက်လျှောက်သွားချင်လိုက် တာ။ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ မြို့ပတ်ရထား စီးရတာ သိပ်ပျော်တာပဲ။ ရထားက ခုလောက်လည်း မကျပ်ပါဘူး။ အပျော်စီးလို့ကောင်းတယ်။ သူငယ်ချင်း မူမူနဲ့ လျှောက်လည်ကြတာ။ နေကလည်းကျဲကျဲတောက် ပူလို့။ ဆံပင်စည်းထားတဲ့ သားရေကွင်းတောင် အရည် ပျော်တယ်။ ညကျတော့ ခေါင်းအုံးပေါ် အိပ်ချလိုက်တာ သားရေကွင်းက ခေါင်းအုံးမှာ ကပ်နေရော။ နောက် နေ့ မူမူဖျားတာပဲ. . .။”

အိမ်က သူ့သားကြီးအကြောင်းတွေးနေရာက မူမူ အကြောင်းရောက်သွားပြန်သည်။ ပြီးတော့ သူ့သားကြီး အကြောင်း တွေးပြန်သည်။

“အကြီးကောင် ဒီနေ့ကျောင်းတက်ပါ့မလား။ နဂို ကမှ ကျောင်းကလစ်ချင်ချင်ရယ်။ တစ်လောကလည်း ကျောင်းပြေးတယ်လို့ ဆရာမကတိုင်တယ်။ ယောကျ်ား လေးတွေများ ပြောရဆိုရ တယ်ခက်ပါလား။ အငယ်တွေကိုလည်းမညှာဘူး။ ခုလောက်ဆို အိပ်ရာ က ထကြပြီး ရန်များဖြစ်နေမလား။ အမေဈေးသွား တာ ကြာလိုက်တာလို့ အငယ်လေးက ပြောနေမလား။ အလတ်မနဲ့ မောင်နှမနှစ်ယောက် ရေချိုးခန်းထဲအကြာ ကြီး စိမ်နေကြမလား။ မိုးကအေးအေးနဲ့ ဖျားကုန်တော့ မှာပဲ။ မနေ့က ကျောင်းကားပျက်တယ်ကြားတယ်။ ဒီ မနက် လာမှလာပါ့မလား။

အို. . . ခုမှသတိရတယ်။ မနေ့က သားငယ်က ပြောတယ်။ ဒီနေ့ ကျောင်းမှာ လပတ်စာမေးပွဲရှိတယ် တဲ့။ ခဲတံအပိုတစ်ချောင်း ထည့်ပေးပါတဲ့။ ချွန်စက် လည်း ပျောက်နေတယ်တဲ့။ သူက အစစအရာရာ အမေလုပ်ပေးမှ ကျေနပ်တာ။ ညက စကားများနေရ တာနဲ့စာတွေတောင်ရရဲ့လား ပြန်မမေးမိဘူး။ ကလေး တွေစာမေးပွဲကျလို့မဖြစ်ဘူး။ အိမ်မှာ ငါမရှိရင်မဖြစ် ပါဘူးလေ။ ပြန်မှ. . .။ ဟင်. . . ငါ လမ်းထိပ်တောင် ပြန်ရောက်နေပါပကော. . .”

၁၉၈၅ ခုနှစ် နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါဝင်ခဲ့သော ဆရာမ မိုးမိုး(အင်းလျား)၏ “ထောင်ပြေး”ဝတ္ထုတိုဖြစ်ပါသည်။ ယောကျ်ားဖြစ်သူ နှင့်စကားများပြီး “အိမ်ထောင်ကြီးမှ ထွက်ပြေးခဲ့သူ” အမျိုးသမီးတစ်ဦး၏ စိတ်လှုပ်ရှားပုံ၊ အတွေးစိတ်ကူး များကို ပုံဖော်ရေးသားထားသည့် ဝတ္ထုကောင်း တစ်ပုဒ်ဖြစ်ပါသည်။ အိမ်ထောင်ကြီးတစ်ခုတွင် လင်ယောကျ်ား၊ သားသမီးတို့၏ အနှောင်အဖွဲ့မှရုန်း ထွက်ဖို့ရန်မလွယ်ကူပုံကို ဆရာမ မိုးမိုး(အင်းလျား)က လှပသောအတွေး၊ အရေးအသားဖြင့် ပုံဖော်ပြ သွားပါသည်။

ဆရာမ၏ ဝတ္ထုတိုများ(၃)လုံးချင်းမှ ကောက်နုတ် တင်ပြလိုက်ပါသည်။

**ကိုးကား**

– **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ(၃)**

# စီးပွားဥစ္စာဖြစ်ထွန်းမှု၏ အခြေခံအကြောင်းများ

မြင်းခြံကျော်အောင်

လောကတွင် စီးပွားဥစ္စာဖြစ်ထွန်းမှု၏ အခြေခံအကြောင်းများကို မြတ်စွာဘုရားက ဟောကြားခဲ့သည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် သူဌေးတစ်ဦးနှင့် ခုနစ်နှစ်အရွယ် သူဌေးသားသည် ကျောင်းတော်သို့ ရောက်ရှိလာသည်။ သား၏မေးခွန်းကို ဖခင်က တိတိကျကျမဖြေနိုင်သဖြင့် မြတ်စွာဘုရားထံသားကို ခေါ်လာခြင်းဖြစ်သည်။ မြတ်စွာဘုရားထံရောက်သောအခါ သားက စီးပွားဥစ္စာဖြစ်ထွန်းမှု၏ အခြေခံအကြောင်းများကို မေးမြန်းသည်။ ထိုအခါ မြတ်စွာဘုရားက တိတိကျကျ အလေးအနက်ထားကာ ဂရုတစိုက် ဖြေကြားတော်မူသည်။ မြတ်စွာဘုရား၏ဟောကြားချက်များမှာ အောက်ပါအကြောင်းများ ဖြစ်ကြပါသည်။

**ကျန်းမာရေးကောင်းမွန်မှု**

ကျန်းမာခြင်းဟူသည် ကိုယ်ခန္ဓာနှင့်စိတ်ကျန်းမာခြင်းဖြစ်သည်။ ကိုယ်ခန္ဓာမကျန်းမာသူသည် စီးပွားဥစ္စာဖြစ်ထွန်းအောင် မဆောင်ကြဉ်းနိုင်ပါ။ စီးပွားဥစ္စာကိုလည်း မသုံးဆောင်နိုင်ပါ။ စိတ်မကျန်းမာလျှင်လည်း စီးပွားဥစ္စာဖြစ်ထွန်းအောင် မစွမ်းဆောင်နိုင်ပါ။ စိတ်ကျန်းမာရေးချို့ယွင်းနေလျှင် ကိုယ်ကျန်းမာရေးလည်း ချို့ယွင်းရတော့သည်။ ထို့အတူ ကိုယ်ကျန်းမာရေး ချို့ယွင်းပါက စိတ်၏ကျန်းမာရေး ချို့ယွင်းရပြန်သည်။ ထိုသို့ အပြန်အလှန်အမှီတကဲပြုနေသော ကိုယ်နှင့်စိတ်ကျန်းမာစေရန် မိမိကိုယ်ကို ပြုစုပျိုးထောင်ရပါမည်။ မွေးမြူကြရပါမည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေရန်အတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရကို မျှတစွာကျင့်သုံးနေထိုင်ရပါမည်။ ကံ- ကံဟူသည် အလုပ်ဖြစ်သည်။ တွေး၊ ပြော၊ လုပ်မှုတွင် ကောင်းမွန်ရပါမည်။ စည်းစနစ်ကျရပါမည်။ မမိုက်မဲရပါ။ စိတ်-စိတ်သည်လည်း အသက်တိုမှု၊ ရှည်မှုတွင် အထောက်အကူပြုသည်။ ထို့ကြောင့် စိတ်ကောင်းထားရပါမည်။ သို့မှသာ ကျန်းမာပါမည်။ ဥတု- ဥတုသည် ယနေ့ကမ္ဘာ့လူသားများကို နှိပ်စက်တတ်သောအရာဖြစ်နေပါပြီ။ ဥတုနှင့်လိုက်လျောညီထွေနေတတ်ကြရပါမည်။ မနေတတ်လျှင် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲရပါမည်။ အာဟာရ- လူတို့သည် အာဟာရကို လိုသည်ထက်ပို၍ မှီဝဲနေသည်။ ကျန်းမာရေးအထောက်အကူပြုရုံသာ မှီဝဲရပါမည်။ အာဟာရလွန်ကဲသဖြင့် လူတို့ရောဂါမျိုးစုံရရှိကာ အသက်တိုနေကြပါသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရကို ညီညွတ်မျှတစွာကျင့်သုံးလျှင် လူတို့ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါမည်။ ကျန်းမာလျှင် စီးပွားဥစ္စာဖြစ်ထွန်းစေရန် ပြုလုပ်နိုင်ပါမည်။ ထို့ကြောင့် "အာရောဂျ ပရမံ လာဘံ"ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်"ဟု မြတ်စွာဘုရားက ဟောကြားခဲ့သည်။ ကျန်းမာခြင်းသည် လူ့ဘဝ၏ကြီးမားသော အခွင့်ထူးကြီးလည်းဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးကောင်းရမည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

**ကိုယ်ကျင့်သီလစောင့်ထိန်းမှု**

လူ့အဖွဲ့အစည်းတွင် ကျင့်ဝတ်သိက္ခာများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများရှိကြပါသည်။ ဤကျင့်ဝတ်များကို လေးစားလိုက်နာကြရပါမည်။ လေးစားလိုက်နာပြီး စီးပွားဥစ္စာဖြစ်ထွန်းရေးကို ဆောင်ရွက်ကြရပါမည်။ မဖြစ်မနေလိုက်နာရမည့်ကျင့်ဝတ်မှာ ကံငါးပါးစောင့်ထိန်းမှုပင်ဖြစ်ပါသည်။ အခြေခံအကျဆုံး ကိုယ်ကျင့်တရားလည်း ဖြစ်ပါသည်။

ထို့ပြင် ကိုယ်ကျင့်သီလကို သရုပ်ခွဲလိုက်လျှင် စာရိတ္တသီလနှင့် ဝါရိတ္တသီလဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ စာရိတ္တသီလဟူသည် ပြုကျင့်လိုက်နာ၍ ဖြည့်ဆည်းအပ်သော တရားများဖြစ်ကြပါသည်။ မင်္ဂလာတရား ၃၈ ပါးပါအကြား၊ အမြင်များအောင် အားထုတ်ပါ။ သင့်တင့်လျောက်ပတ်သောအရပ်တွင် နေပါ စသည်တို့သည် စာရိတ္တသီလများဖြစ်ကြပါသည်။

❖ လူ့အဖွဲ့အစည်းတွင် ကျင့်ဝတ်သိက္ခာများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများရှိကြပါသည်။ ဤကျင့်ဝတ်များကို လေးစားလိုက်နာကြရပါမည်။ လေးစားလိုက်နာပြီး စီးပွားဥစ္စာဖြစ်ထွန်းရေးကို ဆောင်ရွက်ကြရပါမည်။ မဖြစ်မနေလိုက်နာရမည့်ကျင့်ဝတ်မှာ ကံငါးပါး စောင့်ထိန်းမှုပင်ဖြစ်ပါသည်။ အခြေခံအကျဆုံး ကိုယ်ကျင့်တရားလည်း ဖြစ်ပါသည်။ ထို့ပြင် ကိုယ်ကျင့်သီလကို သရုပ်ခွဲလိုက်လျှင် စာရိတ္တသီလနှင့် ဝါရိတ္တသီလဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ စာရိတ္တသီလဟူသည် ပြုကျင့်လိုက်နာ၍ ဖြည့်ဆည်းအပ်သော တရားများဖြစ်ကြပါသည်။ ❖

ဝါရိတ္တသီလဟူသည် ရှောင်ကြဉ်၍မပြုလုပ်ခြင်းဖြင့် ဖြည့်ကျင့်အပ်သော ကျင့်ဝတ်များဖြစ်ကြပါသည်။ ဤတွင် အထင်ရှားဆုံးမှာ ကံငါးပါးကို ရှောင်ကြဉ်စောင့်ထိန်းခြင်းပင်ဖြစ်ပါသည်။

ထို့ပြင် သုစရိုက်တရား ၁၀ ပါးကို လိုက်နာခြင်းသည် ကောင်းသောဝါရိတ္တအကျင့်မြတ်ဖြစ်ပေသည်။ ဒုစရိုက်တရား ၁၀ ပါးကို ရှောင်ကြဉ်နိုင်ခြင်းသည် မြင့်မြတ်သော စာရိတ္တအကျင့်ပင်ဖြစ်ပေသည်။ ဤအကျင့်မြတ်များကိုကျင့်ပြီး ကိုယ်ကျင့်သီလကိုစောင့်ထိန်းကာ စီးပွားဥစ္စာများကို ရှာဖွေလျှင် ဒီရေအလားတိုးပွားဖြစ်ထွန်းပါမည်။

ကိုယ်ကျင့်သီလကောင်းလျှင် အခြားသောအကျိုးတရားများလည်း ရရှိနိုင်သည်ဟု မြတ်စွာဘုရားက ထုတ်ဖော်ဟောကြားတော်မူသည်။ ဤအကျိုးကျေးဇူးတရားများကား- သီလစောင့်ထိန်းသူ၊ သီလကိုမမေ့လျော့သူသည် စည်းစိမ်ဥစ္စာများ တိုးပွားရသည်။ ကောင်းသောဂုဏ်သတင်းကျော်စောခြင်း ထွက်ပေါ်လာသည်။ မင်းပရိသတ်အလယ်တွင် ရဲဝံ့စွာဝင်ရောက်ခွင့်ရရှိသည်။ သေဆုံးကွယ်လွန်ရသောအခါ မပင်ပန်း၊ မတွေဝေဘဲ သေဆုံးရသည်။ ကောင်းသောသုဂတိဘုံသို့ ရောက်ရသည်။

ထို့ပြင် လောကီချမ်းသာများဖြစ်သော ကောင်းသောကိုယ်လက်အင်္ဂါနှင့် ပြည့်စုံရခြင်း၊ ရုပ်ဆင်းအင်္ဂါလှပတင့်တယ်ခြင်း၊ ခွန်အားဗလကြီးသူဖြစ်ရခြင်း၊ အနာရောဂါကင်းရခြင်း၊ တစ်ပါးသူတို့၏ ပယောဂဖြင့် မသေဆုံးရခြင်း၊ အသက်ရှည်ခြင်း၊ ရန်သူမျိုးငါးပါးတို့၏ ဖျက်ဆီးမှုမခံရခြင်းတည်းဟူသော ကောင်းကျိုးချမ်းသာများလည်း ရရှိနိုင်ပေသည်။

**ပညာရှိတို့၏ အဆုံးအမဩဝါဒကို လိုက်နာမှု**

လူဟူသည် အမှားမကင်းပါ။ မှားယွင်းလုပ်ဆောင်မိလျှင် ဆုတ်ယုတ်ရတော့သည်။ ထိုသို့ဆုတ်ယုတ်ခြင်းတည်းဟူသော ဆင်းရဲမှုမဖြစ်စေရန် မြတ်စွာဘုရားက ဤသို့ ဟောဖော်လမ်းညွှန်ခဲ့သည်။

"မိမိ၏အပြစ်ကိုဖော်ပြပြောဆို၍ ဆုံးမသောသူကို မြေဋ္ဌမြှုပ်ထားသော ရွှေအိုးကို ညွှန်ပြပြောကြားသောသူကဲ့သို့ မှတ်ယူရမည်။ အပြစ်ကိုပြ၍ညွှန်ကြားတတ်သောပညာရှိကို မှီဝဲဆည်းကပ်ရမည်။ ထိုပညာရှိမျိုးကို ဆည်းကပ်သောသူကို ယုတ်ညံ့ခြင်း၊ ဆင်းရဲခြင်းသည် မဖြစ်နိုင်၊ မြင့်မြတ်ခြင်း ကြီးပွားချမ်းသာခြင်းသာဖြစ်၏။

ထို့ကြောင့် စီးပွားဥစ္စာဖြစ်ထွန်းမှုကို လိုလားသူများသည် သူတော်ကောင်းတို့၏ အဆုံးအမဩဝါဒကို နာယူမှတ်သားလိုက်နာဆောင်ရွက်ကြရပါမည်။ လောကီပညာရှင်များ၏ ကြီးပွားချမ်းသာကြောင်း တရားများကိုလည်း လေ့လာလိုက်စားကြရပါမည်။ မိဘဘိုးဘွားသက်ရွယ်ကြီးမားသူတို့၏ အဆုံးအမကိုခံယူကြရပါမည်။ သို့မှ စီးပွားဥစ္စာများ ဖြစ်ထွန်းပါမည်။

ဆုတ်ယုတ်ပျက်စီးမှု ကင်းပါမည်။

**အကြားအမြင်ဗဟုသုတနှင့်ပြည့်စုံမှု**

အကြားအမြင်ဗဟုသုတနှင့်ပြည့်စုံသူသည် အမှားအမှန်ကို ခွဲခြားသိမြင်ပါသည်။ ကောင်း၏။ မကောင်း၏ကို ခွဲခြားနိုင်သည်။ လုပ်သင့်၊ မလုပ်သင့်ကို ချင့်ချိန်နိုင်သည်။ ပြောသင့်၊ မပြောသင့်သည်ကို ဝေခွဲနိုင်သည်။ ကြံအပ်၊ မကြံအပ်သည်ကို ဆန်းစစ်နိုင်သည်။ သို့ဖြင့် မိမိဥစ္စာများမဆုံးရှုံးရ၊ မယုတ်လျော့တော့ပါ။ တိုးပွားများပြားရသည်။

ဤအကြောင်းအရာ အင်္ဂါနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓက ထေရဂါထာပါဠိတော်၌ "သွန်သင်ညွှန်ကြားဆရာသမားတို့ထံမှ ဆုံးမဩဝါဒစကားကို နားထောင်လိုခြင်းသည် အကြားအမြင်ဗဟုသုတကို တိုးပွားစေသည်။ နာယူမှတ်သား များစွာကာ အသိပညာ ဗဟုသုတသည် ပင်ကိုရှိသော အသိအလိမ္မာ ဉာဏ်ပညာကို တိုးပွားစေသည်။ တိုးပွားပါက အသိပညာ အကြားအမြင် ဗဟုသုတဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကျေးဇူးကို သိနိုင်သည်။ အကျိုးအကြောင်းကိုသိထားသောသူသည် ကြီးပွားချမ်းသာကိုဆောင်နိုင်၏"ဟု ဟောတော်မူသည်။

ပညာရှိသူတော်ကောင်းတို့ထံမှ ရရှိနိုင်သော ကြီးပွားကြောင်းတရားနှင့် ဆုတ်ယုတ်ကြောင်းတရားတို့မှာ သုစရိုက်တရားနှင့်ဒုစရိုက်တရားများဖြစ်ကြပါသည်။ ကြီးပွားကြောင်းဖြစ်သော သုစရိုက်တရားမှာ ၁၀ ပါးရှိပါသည်။ ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါးနှင့် မနောသုစရိုက်သုံးပါးတို့ဖြစ်ကြပါသည်။ ဆုတ်ယုတ်ကြောင်းတရား ဒုစရိုက်တရား ၁၀ ပါးမှာ သုစရိုက်တရား ၁၀ ပါး၏ ဆန့်ကျင်ဘက်တရားများပင်ဖြစ်ပါသည်။

**သုစရိုက် ကာယကံ သုံးပါး**

သူ့အသက်သတ်မှုမှရှောင်ကြဉ်ခြင်း၊ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူ့ဥစ္စာကိုခိုးယူခြင်း၊ မတရားယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။

**သုစရိုက်ဝစီကံလေးပါး**

မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း စသောကြမ်းတမ်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အကျိုးမရှိ အနှစ်မဲ့သော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်ကြသည်။

**သုစရိုက်မနောကံ သုံးပါး**

အဘိဇ္ဈာကိုမပြုခြင်း၊ ဗျာပါဒကိုမပြုခြင်း၊ မကောင်းသောအယူကိုမယူခြင်းတို့ဖြစ်ကြပါသည်။ သုစရိုက်တရား ၁၀ ပါးကို ကျင့်ကြပါလျှင် စီးပွားဥစ္စာများ တိုးပွားရသည်။ မိမိတို့၏အိမ်ထောင်ရေး၊ လူမှုရေး၊ ကျန်းမာရေးများ တိုးတက်ရသည်။ လောကကြီး ငြိမ်းချမ်းသာယာရသည်။ ဒုစရိုက်တရား ၁၀ ပါးကို လေ့လာလေ့ကျင့်ပြုမူနေလျှင် စီးပွားဥစ္စာများ ဆုတ်ယုတ်ရသည်။ အိမ်ထောင်ရေး၊ လူမှုရေးနှင့် ကျန်းမာရေးများ ပျက်စီးဆုတ်ယုတ်ရသည်။ လောကကြီး မတည်ငြိမ်၊ မအေးချမ်းဘဲ ဒုက္ခပင်လယ်ဝေနေရပါမည်။ လောကုတ္တရာတွင်လည်း လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ စသည့်မြတ်သည်ဘုံများတွင် သုစရိုက်တရားကျင့်သူများ စံစားကြရပါမည်။ အပါယ်လေးဘုံတွင် ဒုစရိုက်တရားများကျင့်သူများ ဒုက္ခခံစားနေကြရပါမည်။

**မပျင်းမရိကြိုးစားမှု**

မပျင်းမရိကြိုးစားမှုကို ပညာရှိသူတော်ကောင်းများက စိတ်၏မပျင်းရိခြင်း၊ မတွန့်တိုခြင်း၊ မဆုတ်နစ်ခြင်း၊ မွန်မြတ်ခြင်း၊ တက်ကြွခြင်းဟု ဖွင့်ဆိုထားပါသည်။ ပုဂ္ဂိုလ်တစ်ဦး ကြီးပွားအောင်မြင်မှုအတွက် ကြိုးစားအားထုတ်မှု ဝီရိယသည် မရှိမဖြစ်လိုအပ်လှပေသည်။

"လုပ်ငန်းကိစ္စတစ်ခုပြုလုပ်ရန်အတွက် ဤအချိန်ကာလသည် အေးလွန်းသည်၊ ပူလွန်းသည်၊ မိုးချုပ်နေသည်ဟူ၍ ပျင်းရိသဖြင့် အချိန်အခါကို မရွှေ့ရာ။ ပြုလုပ်သင့်လျှင် ပြုလုပ်ရမည်။ အချိန်ကာလ ရွှေ့နေ၍မဖြစ်၊ အချိန်ကာလရွှေ့နေလျှင် စီးပွားချမ်းသာမှု၊ တိုးတက်မှု ဆုတ်ယုတ်တတ်သည်။ တစ်စုံတစ်ယောက်သည် အချမ်းအပူတို့ကို မြက်မှိုက်လောက်မျှ မအောက်မေ့မူ၍ ယောကျ်ားတို့ပြုလုပ်ထိုက်သော အမှုကိစ္စတို့ကို ပြုလုပ်သောသူသည်သာလျှင် ချမ်းသာသုခကို ရနိုင်၏"ဟု မြတ်စွာဘုရားသည် ဒီဃနိကာယ် ပါထိကဝဂ် သိင်္ဂါလသုတ်၌ ဟောကြားတော်မူသည်။

ပျင်းရိခြင်းသည် ကြိုးစားမှု၏ ဘေးအန္တရာယ်ဖြစ်၏။ အနှောင့်အယှက်လည်းဖြစ်၏။ ကြိုးစားခြင်းဝီရိယသည် ပျင်းရိခြင်း၏ ဆန့်ကျင်ဘက်ဖြစ်၏။ ချမ်းသာသုခကို ရှာဖွေနေသူအတွက် ဘေးကင်းကြောင်းတရားလည်းဖြစ်၏။ ချမ်းသာကိုရကြောင်းလည်းဖြစ်၏။

"ပျင်းရိခြင်းကို ဘေးဟုရှုမြင်ခြင်းဖြင့်လည်းကောင်း၊ ဝီရိယစွမ်းအင်ဖြင့် အလွန်ကြိုးပမ်းခြင်းကို ဘေးတို့၏ကုန်ကြောင်း ဘေးမရှိရာဟူ၍ ရှုမြင်ခြင်းဖြင့်လည်းကောင်း အားထုတ်ကာ ဝီရိယရှိသူတို့ဖြစ်ကြကုန်လော့"ဟု ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသော မြတ်စွာဘုရားများသည် ဆုံးမတော်မူခဲ့ပါသည်။

မြန်မာ့လူ့ဘောင်၏အခြေအနေတွင် စီးပွားဥစ္စာဖြစ်ထွန်းစေရန် ပြည်သူလူထုကြီးတစ်ရပ်လုံးသည် နေ့မအား ညမနား ကြိုးပမ်းနေကြပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးစကာလကထက် တိုင်းပြည်နှင့် ပြည်သူတို့၏အခြေအနေမှာ တိုးတက်လျက်ရှိနေပါသည်။

ကျွန်တော်တို့နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ယခု ၇၆ နှစ်ရှိသည့်တိုင် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှာပင် ရှိနေသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နိုင်ငံတော်အေးချမ်းသာယာရေး ဘက်စုံတွင် နိမ့်ကျနေသည်။ အဓိကအချက်မှာ မြတ်စွာဘုရားဟောကြားသည့် ကိုယ်ကျင့်သီလ စောင့်ထိန်းမှုတွင် အားနည်းသဖြင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရစမှ ယနေ့ထိ ပြည်တွင်းသောင်းကျန်းသူအဖွဲ့များစွာရှိနေပါသည်။ ဤကိုယ်ကျင့်သီလမစောင့်ထိန်းနိုင်မှုကပင် မြန်မာပြည်သူလူထုသည် ဘေးတွေ့နေရပါသည်။

ဤသည်ကို ရှုမြင်သုံးသပ်ပြီး ကျွန်တော်တို့တစ်အိမ်ထောင်ချင်းမှစကာ တစ်တိုင်းတစ်ပြည်လုံးကြွယ်ဝချမ်းသာခြင်း သုခ၊ တည်ငြိမ်အေးချမ်းမှု သုခ၊ ဖွံ့ဖြိုးတိုးတက်မှု သုခများ စံစားကြစေရန်အတွက် ပြည်သူတစ်ရပ်လုံး မြတ်စွာဘုရား၏ စီးပွားဥစ္စာဖြစ်ထွန်းမှု၏ အခြေခံအကြောင်းများကို လေးစားလိုက်နာကျင့်ကြံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

– **ဝိဇ္ဇကတ်တော်လာ မြတ်ဘုရား၏ ကြီးပွားရေးလမ်းညွှန်ချက်များ**

# ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းက အင်ဒီးစ်ရေခဲတောင်တန်းကို အရည်ပျော်စေခဲ့



**ဝါရှင်တန် ဇူလိုင် ၂၄**

တောင်အမေရိက၏ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် သွယ်တန်းနေသည့် အင်ဒီးစ်ရေခဲတောင်တန်းသည် ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းကြောင့် အရည်ပျော်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒီးစ်ရေခဲတောင်တန်းသည် တောင်အမေရိက၏ အနောက်ဘက် ကမ်းရိုးတန်းတွင်တည်ရှိသော တောင်တန်းတစ်ခုဖြစ်ပြီး တောင်၏ အမြင့်ဆုံးတောင်ထိပ်သည် ပေ ၁၇၇၀၀ မြင့်ကာ ကိုလံဘီယာ၊ အီကွေဒေါ၊ ပီရူး၊ ဘိုလီးဗီးယား၊ ချီလီနှင့်အာဂျင်တီးနားနိုင်ငံများ တစ်လျှောက်သွယ်တန်းလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းက အင်ဒီးစ်ရေခဲတောင်ကို အရည်ပျော်စေပြီး ရေခဲမြစ်များနှင့်ရေကန်အသစ်များကို ဖြစ်ပေါ်လာစေကာ ရေခဲတောင်ပြိုမှုများလည်း ဖြစ်ပွားခဲ့ကြောင်း၊ ရေခဲတောင်ပြိုကျမှုကြောင့် တောင်တက်သမားများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ထို့ပြင် တောင်ထိပ်သို့ တက်ရာလမ်းလည်း ပျက်စီးခဲ့ကြောင်း အင်ဒီးစ်နှင့်အာတိတ် ရေခဲမြစ်များအကြောင်းကို ဆယ်စုနှစ်နှစ်ခုကျော်ကြာလေ့လာခဲ့သော မြို့ပြအင်ဂျင်နီယာ Pablo Wainstein က ပြောကြားထားသည်။

အင်ဒီးစ်ရေခဲတောင်တန်းသည် ကမ္ဘာ့အပူပိုင်းရေခဲမြစ်များ၏ ၉၅ ရာခိုင်နှုန်းကျော်ရှိရာနေရာဖြစ်ပြီး အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့်လေထုစီမံခန့်ခွဲရေး (NOAA)၏ အချက်အလက်များအရ ကမ္ဘာ့အပူချိန်မြင့်တက်၍ရေအခက်အခဲဖြစ်နေချိန်တွင် အင်ဒီးစ်သည် ဒေသ၏ ရေစက်ဝန်းအတွက် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါတောင်တန်းသည် အေးသောကာလတွင်ရေချိုများကို နှင်းနှင့် ရေခဲများအဖြစ် သိုလှောင်ထားကာ ပူနွေးသောကာလများတွင် အရည်ပျော်ပြီး ရေချိုများအဖြစ်ပြန်လည်ဖြန့်ဝေပေးသဖြင့်သောက်သုံးရေအတွက်သာမက စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်နှင့်သတ္တုတူးဖော်ရေးများအတွက်လည်း အလွန်အရေးပါကြောင်း၊ အဆိုပါရေခဲတောင်တန်းအလျင်အမြန်အရည်ပျော်မှုက အဆိုပါဒေသ၏ ရေစက်ဝန်းကို များစွာအနှောင့်အယှက်ဖြစ်စေကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် အိန္ဒိယနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို တိုးမြှင့်ထုတ်လုပ်လျက်ရှိ

**နယူးဒေလီ ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ကို တိုးမြှင့်ထုတ်လုပ်လျက်ရှိရာ ယခုနှစ် မတ် ၃၁ ရက်ထိ စွမ်းအင်ပမာဏ ၁၉၀ ဒသမ ၅၇ ဂစ်ဂါဝပ်ထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ ဇူလိုင် ၂၃ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် ရုပ်ကြွင်းလောင်စာမဟုတ်သော စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို နိုင်ငံတစ်ဝန်းလုံးအနေအထားဖြင့် ၅၀ ရာခိုင်နှုန်းထိထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည်ဟု ကတိပြုထားပြီး ၂၀၂၃-၂၀၂၄ ခုနှစ် စီးပွားရေးဆိုင်ရာစစ်တမ်းအရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို မတ် ၃၁ ရက်ထိ စွမ်းအင်ပမာဏ ၁၉၀ ဒသမ ၅၇ ဂစ်ဂါဝပ်ထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး ၎င်းပမာဏသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လျှပ်စစ်ထုတ်လုပ်မှု၏ ၄၃ ဒသမ ၁၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း သန့်ရှင်းသော စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၄ ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့ပြီး ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း နောက်ထပ်အမေရိကန်ဒေါ်လာ ၃၇၀ ဘီလီယံ ရင်းနှီးမြှုပ်နှံနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအတွက် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိုလည်း မျှော်မှန်းထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# Gaemi တိုင်ဖွန်းမုန်တိုင်းကြောင့် တရုတ်(တိုင်ပေ)တွင် လေကြောင်းခရီးစဉ်တချို့ ဆိုင်းငံ့ခဲ့ရ

**ပေကျင်း ဇူလိုင် ၂၄**

တရုတ်(တိုင်ပေ)တွင် ဇူလိုင် ၂၃ ရက်က Gaemi ဟု အမည်ပေးထားသည့် တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ထားရပြီး ဈေးများကိုလည်း ယာယီပိတ်ထားရကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် မုန်တိုင်းကြောင့် အစိုးရရုံးတချို့ကိုလည်း ယာယီပိတ်ထားရပြီး ပုဂ္ဂလိကကုမ္ပဏီတချို့လည်း ဇူလိုင် ၂၃ ရက်တွင် ဝန်ထမ်းများကို အလုပ်ပိတ်ပေးကာ နေအိမ်များ၌သာ အနားယူစေခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းသည် တရုတ်(တိုင်ပေ) အရှေ့မြောက်ဘက်ကမ်းခြေသို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး လေတိုက်နှုန်းအားကောင်းသည့်အတွက်ကြောင့် ပျက်စီးမှုနှုန်း မြင့်မားနိုင်ဖွယ်ရှိကြောင်း၊ လက်ရှိတွင် မုန်တိုင်းကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှု မရှိသေးကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူလည်း မရှိသေးကြောင်း၊ မုန်တိုင်းအခြေအနေနှင့်ပတ်သက်၍ Central Weather Administration က အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးလျက်ရှိပြီး သတင်းထုတ်ပြန်ချက်များကို စောင့်ကြည့်နားစွင့်သွားရန် တရုတ်(တိုင်ပေ)အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ပြီး Gaemi တိုင်ဖွန်းမုန်တိုင်းသည် ပြင်းအားမှာ အလယ်အလတ်အဆင့်သာရှိပြီး



ပြင်းအားအပြောင်းအလဲများရှိလာနိုင်ကြောင်း Central Weather Administration က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

မုန်တိုင်းသည် ထိုင်ဝမ်ရေလက်ကြားကို ဦးတည်တိုက်ခတ်နေပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံတောင်ဘက်ပိုင်းရှိ ဖူကျီအန်ပြည်နယ်သို့ ရွေ့လျားတိုက်ခတ်သွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အီတလီနိုင်ငံ မောင့်အက်တနာမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားနေကြောင်း အီတလီအာဏာပိုင်များက ထုတ်ပြန်

**ရောမ ဇူလိုင် ၂၄**

အီတလီနိုင်ငံ မောင့်အက်တနာမီးတောင်တွင် ဇူလိုင် ၂၃ ရက်က မီးတောင်အတွင်းမှ မီးခိုးငွေ့များ ပေါက်ထွက်မှု ဖြစ်ပွားခဲ့ကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မောင့်အက်တနာ မီးတောင်သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးသော မီးတောင်များ စာရင်းတွင် ပါဝင်နေပြီး ယခုနှစ်အတွင်း မကြာခဏမီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

"စစ္စလီကျွန်း ကာတာနီးယားမြို့အနီးမှာရှိတဲ့ မောင့်အက်တနာ မီးတောင်ဟာ ဇူလိုင် ၂၃ ရက်က မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေ ပေါက်ထွက်ခဲ့ပါတယ်။ မီးခိုးငွေ့တွေ ပေါက်ထွက်မှုကြောင့် လေကြောင်းခရီးစဉ်တွေ ပြေးဆွဲဖို့ အန္တရာယ်ရှိတဲ့အတွက် ကာတာနီးယားအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ လေကြောင်းခရီးစဉ်တွေကို ယာယီဆိုင်းငံ့ထားပါတယ်။ ဆိုက်ရောက်ခရီးစဉ်တွေနဲ့ ထွက်ခွာမဲ့ ခရီးစဉ်တွေအားလုံးကို ယာယီရပ်ဆိုင်းထားတာဖြစ်ပါတယ်။ မီးတောင်အခြေအနေပေါ်မူတည်ပြီးတော့ လေကြောင်းခရီးစဉ်တွေကို ပြန်လည်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ ဇူလိုင်လ အစောပိုင်းမှာလဲ အက်နာမီးတောင်ပေါက်ကွဲမှုကြောင့် ကာတာနီးယား အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားခဲ့ရတယ်။ တစ်လအတွင်း လေဆိပ်ကို ဒုတိယအကြိမ်မြောက်ယာယီပိတ်ထားရတာဖြစ်ပါတယ်"ဟု အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

မီးတောင်အတွင်းမှ မီးခိုးငွေ့များ ပေါက်ထွက်လာမှုကြောင့် စစ္စလီကျွန်းသို့ ပြေးဆွဲပျံသန်းမည့် လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထားကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ပြီး ဇူလိုင်လအစောပိုင်းတွင်လည်း မောင့်အက်တနာ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ကာတာနီးယား အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေကြောင်းခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ယခုတစ်ဖန် ကာတာနီးယားအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ် တချို့ကို ထပ်မံယာယီဆိုင်းငံ့ထားရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဇူလိုင် ၂၁ ရက်က ဖြစ်ပေါ်ခဲ့သော လေထုအပူချိန်က ကမ္ဘာ့သက်တမ်းတစ်လျှောက် အမြင့်ဆုံးအပူချိန်ဖြစ်ကြောင်း CCCS က ထုတ်ပြန်

**ဘရပ်ဆဲလ် ဇူလိုင် ၂၄**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း၏ လက်အောက်ရှိ CCCS(Copernicus Climate Change Service) က အပူချိန်စောင့်ကြည့်တိုင်းတာချက်ရလဒ်များကို ထုတ်ပြန်သွားခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော လေထုအပူချိန်ပမာဏမှာ ကမ္ဘာ့သက်တမ်းတစ်လျှောက်အမြင့်ဆုံးသော အပူချိန်ပမာဏတစ်ရပ်ဖြစ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဇူလိုင် ၂၁ ရက်က ဖြစ်ပေါ်ခဲ့သော လေထုအပူချိန်ပမာဏမှာ ၁၇ ဒသမ ၀၉ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပြီး ယခင်စံချိန်တင်လေထုအပူချိန်ဖြစ်သည့် ၁၇ ဒသမ ၀၈ ဒီဂရီစင်တီဂရိတ်ကို ကျော်ဖြတ်သွားခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သောရက်သတ္တပတ် အနည်းငယ်ခန့်က ဥရောပနိုင်ငံတချို့၊ ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွားခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင်လည်း ဇူလိုင် ၃ ရက်မှ ဇူလိုင် ၆ ရက်ထိ ရာသီဥတုဖောက်ပြန်မှုနှုန်းမှာ တစ်စတစ်စမြင့်တက်လာနေကြောင်း CCCS (Copernicus Climate Change Service) က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

"အရင်လေထုအပူချိန်အမြင့်ဆုံးစံချိန်မှတ်တမ်းကို ဇူလိုင် ၂၁ ရက်က ဖြတ်ကျော်သွားခဲ့ပြီဖြစ်ပါတယ်။ အရင်စံချိန်မှတ်တမ်းက ၁၇ ဒသမ ၀၈ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ဇူလိုင် ၂၁ ရက်ဖြစ်ပေါ်ခဲ့တဲ့ လေထုအပူချိန်ပမာဏဟာ ၁၇ ဒသမ ၀၉ ဒီဂရီစင်တီဂရိတ်ထိရှိခဲ့ပါတယ်" ဟု CCCS (Copernicus Climate Change Service) က ထုတ်ပြန်သွားခဲ့သည်။

ထိုသို့ လေထုအပူချိန်မြင့်တက်လာခြင်းမှာ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကြောင့် အဓိကဖြစ်ပေါ်လာခြင်းဖြစ်ပြီး ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကြောင့်ဖြစ်ကြောင်း CCCS (Copernicus Climate Change Service) ကထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

ပြစ်တီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။




**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

**ထာဝရလှပသော အပြုံးအတွက်**



# DENTOMEC



**Fluoride** ပါဝင်သောကြောင့် သွားများကို မြုပ်ဖွေးတောက်ပစေပါသည်။




DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၅၁၁၉၀၇၇


## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ. ထ. က(၁၉)၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးထိပ်တင်လှိုင်၏သမီး မဆုလာဘ်နှင်း ၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၃၀-၁-၂၀၀၉ ဖြစ်ပါကြောင်း။

**၃၀-၁-၂၀၀၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မြစ်ငယ် အ. ထ. က(၂)မှ ဥယျာဉ်လုပ်သား ဒေါ်လှစိန် (ခ) ဒေါ်လှလှစိန် (၉/မခန(နိုင်)၂၁၆၆၅၁) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လှစိန်(ခ)ဒေါ်လှလှစိန် (၉/မခန(နိုင်)၂၁၆၆၅၁)**

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မောင်ဟိန်းထွန်းအောင်(ဘ)ဦးဗိုလ်လေး (၅/ကနန(နိုင်)၁၁၁၇၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-660983)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၇၁၁၆၅၅၃**

## ပျောက်ဆုံးကြောင်း

ကနီမြို့နေ မတင်မော်လှိုင် (ဘ) ဦးဘကံစိန် (၅/ကနန(နိုင်)၁၃၈၃၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-894840)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၄၂၉၆၆၄၆၅**

## အမည်မှန်

မလှိုင်မြို့နယ်၊ မလှိုင်မြို့၊ စာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကိုဟိန်း (၉/မထလ(နိုင်)၁၂၅၃၈၁)၏သမီး မဆုပြည့်ပြည့်အောင် ၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ မစုပြည့်ပြည့်အောင်ဖြစ်ပါကြောင်း။ **မစုပြည့်ပြည့်အောင်(၉/မထလ(နိုင်)၃၆၅၁၈၁)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ကျော်ထက်အောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်နိုင်ဦး ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်ဦး (၉/မလန(နိုင်)၁၁၁၅၃၃)**

“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများကပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၂ ဒသမ ၇၄၈၀ တန်၊ သစ်မာ ၁၁ ဒသမ ၁၉၉၈ တန်၊ အခြား ၂၃ ဒသမ ၀၉၁၀ တန် စုစုပေါင်း ၃၇ ဒသမ ၀၃၈၈ တန်၊ ယာဉ်၊ယန္တရား ခုနစ်စီး၊ တရားခံဦးရေ ၅၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ တိုင်တန်းစာများ၊ အကျဉ်းထောင်၊အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၈/၂၀၂၄)ထုတ်ပြန်

စာမျက်နှာ - ၂၂

မန္တလေးမြို့ ၈၄ လမ်း ညဈေးတန်းဧရိယာအတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး ဆောင်ရွက်မည်

စာမျက်နှာ - ၂

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ

၂၄-၇-၂၀၂၄

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကန့်ဘလူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..